# မန္တလေး နေ့စဉ်

The Mandalay Daily

၁၉၉၇ ခုနှစ် နိုဝင်ဘာလ ၃ ရက် စတင်ထုတ်ဝေသည်။

အတွဲ(၂၈)၊ အမှတ်(၁၃၀)၊ ၁၃၈၆ ခုနှစ်၊ တန်ခူးလဆန်း ၁၁ ရက်၊ ၈-၄-၂၀၂၅၊ အင်္ဂါနေ့။


## မြတ်ဗုဒ္ဓ၏ အဆုံးအမတရား

(သစ္စာလေးပါးဟူသည်ကား) ဆင်းရဲအမှန်ဖြစ်သော ဒုက္ခသစ္စာ၊ ဆင်းရဲခြင်း၏ အကြောင်းရင်းအမှန်ဖြစ်သော သမုဒယသစ္စာ၊ ဆင်းရဲမှု လွတ်မြောက်ရာအမှန်ဖြစ်သော နိရောဓသစ္စာ၊ ဆင်းရဲငြိမ်းရာ နိဗ္ဗာန်သို့ရောက်ကြောင်း အစစ်ဖြစ်၍ မြတ်သော အင်္ဂါရှစ်ပါးနှင့် ပြည့်စုံသော မဂ္ဂသစ္စာ။ (ဤလေးပါးတည်း။)

(ဓမ္မပဒ)

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပ နိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာ အောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အကျိုးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ် လုပ်ငန်းများအား မြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝ မြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်း ငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထား လုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ် ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက် ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများနစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျန မှန်ကန်မှု ရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံ ဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန် လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် နေပြည်တော် ဝဏ္ဏသိဒ္ဓိအားကစားပြိုင်ကွင်းအတွင်းရှိ အားကစားရုံများ မန္တလေးငလျင်ကြီးကြောင့် ထိခိုက်ပျက်စီးမှုများအား သွားရောက်ကြည့်ရှုစစ်ဆေး



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ငလျင်ဘေးဒဏ်ကြောင့် ဝဏ္ဏသိဒ္ဓိ ဘောလုံးကွင်းနှင့် ပြေးလမ်းထိခိုက် ပျက်စီးမှုကို ကြည့်ရှုစစ်ဆေးစဉ်။

နေပြည်တော် ဧပြီ ၇

နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ကောင်စီတွဲဖက်အတွင်းရေးမှူး ဗိုလ်ချုပ်ကြီး ရဲဝင်းဦးနှင့်အဖွဲ့ဝင်များ လိုက်ပါ၍ ယနေ့ညနေပိုင်းတွင် ၂၀၁၃ ခုနှစ်တွင် တည်ဆောက်ပြီးစီး ဖွင့်လှစ်ခဲ့သည့် နေပြည်တော် ဝဏ္ဏသိဒ္ဓိအားကစား ပြိုင်ကွင်း (Wunna Theikdi Sports Complex) အတွင်းရှိ အားကစားရုံ အဆောက်အအုံများ မန္တလေးငလျင်ကြီး ကြောင့် ထိခိုက်ပျက်စီးခဲ့ရမှုများကို သွားရောက်ကြည့်ရှုစစ်ဆေးသည်။

စာမျက်နှာ ၃ သို့ ☆

## မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းပြီး နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်

နေပြည်တော် ဧပြီ ၇

**မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီးနှင့် ရှမ်းပြည်နယ်(တောင်ပိုင်းနှင့် အရှေ့ပိုင်း)တို့တွင် နေရာစိပ်စိပ်၊ ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်နှင့် ရှမ်းပြည်နယ်(မြောက်ပိုင်း)တို့တွင် နေရာကျဲကျဲနှင့် ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်ပါသည်။

**နောက် ၂ ရက်အတွက် ခန့်မှန်းချက်မှာ** နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် နေရာကျဲကျဲမှ နေရာစိပ်စိပ် မိုးထစ်ချုန်းရွာမည်။

**နေပြည်တော်နှင့် အနီးတစ်ဝိုက်အတွက် မနက်ဖြန် မွန်းတည့်ချိန် အထိ ခန့်မှန်းချက်မှာ** တိမ်အသင့်အတင့်ဖြစ်ထွန်းပြီး မိုးထစ်ချုန်း၍ နေရာကွက်ကျား မိုးရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်ပါသည်။

**ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်အတွက် မနက်ဖြန် မွန်းတည့်ချိန် အထိ ခန့်မှန်းချက်မှာ** တိမ်အသင့်အတင့်ဖြစ်ထွန်းပြီး နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်ပါသည်။

**မန္တလေးမြို့နှင့် အနီးတစ်ဝိုက်အတွက် မနက်ဖြန် မွန်းတည့်ချိန် အထိ ခန့်မှန်းချက်မှာ** တိမ်အသင့်အတင့် ဖြစ်ထွန်းပြီး နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်ပါသည်။

မိုး/ဧလ

၂၀၂၅ ခုနှစ် ၊ မေ ၈ ရက်၊ အင်္ဂါနေ့။

မန္တလေး

# ရိုးသားဖြောင့်မတ်မှန်ကန်ခြင်း ဂုဏ်ရည်

လောကတွင် ဖြောင့်မတ်မှန်ကန်ခြင်း ဂုဏ်ရည်သည် လူတိုင်းအတွက် အလိုအပ်ဆုံးသောအရာဖြစ်သည်။ ဖြောင့်မတ်ခြင်း၏အစသည် ရိုးသားမှုပင်ဖြစ်သည်။ ဖြောင့်မတ်မှန်ကန်စွာ တွေးတောကြံစပြုတတ်သူသည် လူ့လောကထဲတွင် တည်ငြိမ်ရဲရင့်စွာ ရပ်တည်နိုင်မည်ဖြစ်သည်။ ကိုယ်တိုင်က ဖြောင့်မတ်မှန်ကန်မှု မရှိလျှင် အများနှင့်ဆက်ဆံရာတွင် စိုးရိမ်စိတ်များ လွှမ်းမိုးနေမည်ဖြစ်သည်။ ထို့ကြောင့် ဖြောင့်မတ်မှန်ကန်ခြင်း၊ ရဲရင့်တည်ငြိမ်ခြင်းတို့သည် အကြောင်းအကျိုးဆက်စပ်လျက်ရှိသည်ဟု ဆိုချင်ပါသည်။

တစ်ဖန် အကျင့်စာရိတ္တအနေဖြင့် ဆန္ဒာဂတိ၊ ဘယာဂတိ၊ ဒေါသဂတိ၊ မောဟာဂတိ ဟူသော အဂတိတရားလေးပါးကို ရှောင်ကြဉ်ခြင်း၊ ငါးပါးသီလကို ခါးဝတ်ပုဆိုးကဲ့သို့ မြဲစွာ ထိန်းသိမ်းခြင်း စသည်တို့ကိုပြုကျင့်ရမည်ဖြစ်သည်။ မရိုးသားသော အမှုကိစ္စမှန်သမျှကို စိတ်အားဖြင့်လည်းကောင်း၊ နှုတ်အားဖြင့်လည်းကောင်း၊ ကိုယ်အားဖြင့်လည်းကောင်း မပြုအပ်ပေ။ လူတိုင်းကိုပေးအပ်ထားသော ကတိသစ္စာမှန်သမျှကိုလည်း တည်ကြည်ရမည်ဖြစ်သည်။ သို့မှသာ ရိုးသားဖြူစင်ခြင်းသို့ ရောက်မည်ဖြစ်သည်။ ရိုးသားဖြူစင်သူဖြစ်လျှင် ဖြောင့်မတ်မှန်ကန်စွာ ပြောဆိုဆက်ဆံရမည်လည်းဖြစ်သည်။

ကိလေသာတရားတွင် လောဘသည် နံပါတ်တစ်ဖြစ်သည်။ ရှိသင့်ရှိထိုက်သည်ထက် လောဘပြင်းထန်လာလျှင် ရမ္မက်ဟု ပညာရှိတို့ကဆိုထားပြန်သည်။ ကြောက်စရာကောင်းသော လောဘကြောင့် သူတစ်ပါးအသက်ကို သတ်ခြင်း၊ သူတစ်ပါးပစ္စည်းတို့ကို မတရားရယူလိုခြင်း၊ သူတစ်ပါး သား၊ မယားတို့ကို ပစ်မှားကျူးလွန်ခြင်း အကုသိုလ်ကံများကို ဆက်တိုက်ကျူးလွန်တတ်ကြသည်။ တစ်နည်းအားဖြင့် လောဘကြီးမားလွန်းလျှင် ရမ္မက်ဖြစ်ပြီး အရှက်ကြောက်ကင်းမဲ့လာတတ်ကြသည်။ဤသည်တို့သည် ဖြောင့်မတ်မှန်ကန်ခြင်း၏ ဆန့်ကျင်ဘက်များပင်ဖြစ်သည်။

ဤကဲ့သို့ အခြေအနေမျိုးတွင် မိမိ၏အမှားကို ပြုပြင်နိုင်ရန် ကြိုးစားရမည်ဖြစ်သည်။ မိမိ၏ဘဝတွင် တတ်နိုင်သမျှ နောင်တနည်းပါးစေရန် ကြိုးစားသင့်သည်။ နောင်တဟူသည် မိမိ၏အမှားကို ပြန်၍ဆင်ခြင် သတိကပ်ခြင်းလည်း ဖြစ်နိုင်သဖြင့် ကောင်းသောအရာဟုလည်း ဆိုနိုင်ပါသည်။

"ဆန်းလျှင် တစ်ချက်၊ ရိုးလျှင် တစ်သက်" "ကောက်သော် စားမလောက်၊ ဖြောင့်သော် စားမကုန်" စသော စကားလုံးများက ရိုးသားမှုရလဒ်ကို ဖော်ပြနေသည်။ ရိုးသားမှုသည် ကြီးမားသော အကျိုးကျေးဇူးကို ဖြစ်စေသကဲ့သို့ ဂုဏ်ယူစရာလည်း ကောင်းလှသည်။ ထိုသဘောကို ဆရာဇော်ဂျီက "ရိုးဂုဏ်ဖြောင့်ဂုဏ်၊ ယဉ်ကျေးဂုဏ်သည် လူ့ဘောင်လောက၊ နှစ်သာရသည့်" ဟူ၍ ရိုးသားမှု၏ ဂုဏ်သည်သာ လူ့ဘောင်လောက၏ အစစ်အမှန်ဖြစ်ကြောင်း မိန့်ဆိုခဲ့သည်။

ထို့ပြင် လူ့လောကတွင် ရိုးသားနေရုံနှင့်မပြီးသေး လူဟူ၍ဖြစ်လာလျှင် မိမိ၏ဘဝတစ်လျှောက်လုံး ရပ်တည်ရှင်သန်မှုအတွက် လုပ်သင့်လုပ်ထိုက်သော ကိစ္စအဝဝကို လုပ်ဆောင်နေရမည်ဖြစ်သည်။ အချိန်နှင့်အမျှ လုပ်ဆောင်နေရန် လိုအပ်မည်ဖြစ်သည်။ ထို့ပြင် သတိနှင့်ယှဉ်ကာ လုပ်ဆောင်ကြရန် လိုအပ်မည်လည်းဖြစ်သည်။

သို့ဖြစ်ရာ လောကတွင် ရိုးသားဖြောင့်မတ်သောဂုဏ်ရည်ကို အစဉ်ကြိုးစားအားထုတ်ရမည်ဖြစ်သည်။ ဤသည်မှာ လူသားတို့၏ စာရိတ္တမဏ္ဍိုင်ကိုပါ တည့်မတ်စေရန် အပြန်အလှန် အထောက်အကူပေးလျက်ရှိကြောင်း ရေးသားလိုက်ရပေသည်။

## အင်းဝရှေးဟောင်းဒေသတွင် တွေ့ရှိရသော ရေနန်းတော်အုတ်ခုံမှာ ကုန်းဘောင်ခေတ်ဦး(သို့မဟုတ်) အမရပူရခေတ်လက်ရာဖြစ်သည်ဟု ဆို



မန္တလေး မေ ၇

မန္တလေးမြို့ အရှေ့မြောက်ဘက်တွင် ဗဟိုပြု၍ မတ် ၂၈ ရက်က အင်းအားပြင်းထန်သော ငလျင်လှုပ်ခတ်ခဲ့မှုကြောင့် အင်းဝရှေးဟောင်းအမွေအနှစ်ဒေသတွင် မြေသားအက်ကွဲကြောင်းများမှ ရေနန်းတော်အုတ်ခုံ တွေ့ရှိခဲ့ရာ ကုန်းဘောင်ခေတ်ဦး(သို့မဟုတ်) အမရပူရခေတ်လက်ရာဖြစ်ကြောင်း ရှေးဟောင်းသုတေသနပညာရှင်တစ်ဦးက ပြောသည်။

ငလျင်ဒဏ်ကြောင့် မြေအောက်တွင် နှစ်ပေါင်းများစွာ နှစ်မြှုပ်ပျောက်ကွယ်နေသည့် ရေနန်းတော်မြောက်ပိုင်းမှ မြေလွှာအက်ကွဲကြောင်းများမှ ရေနန်းတော်၏ ဆင်ကပ်လှေကားအိမ်ပါသော သရက်ကင်းလှေကားဖြစ်သည်ဟု ဆိုသည်။

"အင်းဝမှာတွေ့တိုင်း အင်းဝခေတ်လို့ ပြောလို့မရပါဘူး။ ကုန်းဘောင်ခေတ်ဦး ဆင်ဖြူရှင်မင်းက အင်းဝမြို့ကို တတိယအကြိမ်ပြန်လည်ထူထောင်နန်းစိုက်ခဲ့စဉ်က တည်ဆောက်ခဲ့တယ်လို့ ပုရပိုဒ်ပုံဆွဲနဲ့ နန်းတည်အထောက်အထားများအရ သိရပါတယ်။ ရေနန်းတော်က စည်တိုမြို့ရိုးအပြင်ဘက် အရှေ့မြောက်ဘက် ဇရာဝတီမြစ်နဲ့ ဒုဋ္ဌဝတီမြစ်ဆုံအနီးမှာရှိတယ်"ဟု ယင်းဌာန တာဝန်ရှိသူက ပြောသည်။

အဆိုပါရေနန်းတော်တွင် ရှေးဘုရင်များလက်ထက်က ဦးခေါင်းဆေးမင်္ဂလာ၊ နှစ်ကူးသင်္ကြန်ရေသဘင်ပွဲတော်နှင့် လှေပြိုင်ပွဲများ ကျင်းပသည့် အရေးပါသော အခမ်းအနားများ ကျင်းပရာနေရာဖြစ်ကြောင်း၊ ဆင်ဖြူရှင်မင်းသည် ရန်ကုန်မြို့ ရွှေတိဂုံလုံးတော်ပြည့် ရွှေသင်္ကန်းကပ်လှူထီးတော်တင်ပြီး မြစ်ကြောင်းခရီးဖြင့် ပြန်လာသည့်အချိန်က စ၍ ထိုရေနန်းတော်တွင် နောက်ဆုံးအချိန်ထိ စံမြန်းခဲ့ကြောင်း သိရသည်။

"ရေနန်းတော်က အင်းဝမှာ ဘုရင်အဆက်ဆက် အစဉ်အလာမပြတ် ဦးခေါင်းဆေးမင်္ဂလာ၊ နှစ်ကူးသင်္ကြန် ရေသဘင်ပွဲနှင့် လှေပြိုင်ပွဲ စတဲ့အခမ်းအနားသဘင်တွေကို ကျင်းပပြုလုပ်ခဲ့ကြသည့် အရေးပါသောနေရာတစ်ခုဖြစ်ပါတယ်"ဟု ၄င်းက ဆက်လက်ပြောကြားသည်။

မတ် ၂၈ ရက်က လှုပ်ရှားခဲ့သည့် ပြင်းထန်မြေငလျင်ကြောင့် အင်းဝရှေးဟောင်းဒေသရှိ ရှေးဟောင်းအမွေအနှစ်များဖြစ်သော ဘုရား၊ စေတီ၊ ပုထိုးနှင့် အဆောက်အအုံများ ထိခိုက်ပျက်စီးခဲ့ကြောင်း၊ ပျက်စီးမှုမှတ်တမ်းများ ကောက်ယူရာမှာ ရေနန်းတော်ကို တွေ့ရှိမှုအသစ်အဖြစ် မှတ်တမ်းတင်နိုင်ခဲ့ကြောင်း သိရသည်။

(အပေါ်ပုံ)

(မန္တလေးနေ့စဉ်-၉)

## ငလျင်ဒဏ်သင့် ပြည်သူများအား အခြေခံစားသောက်ကုန်များကို အထူးသက်သာသောဈေးနှုန်းဖြင့် ရောင်းချပေးလျက်ရှိ




မန္တလေး မေ ၇

မန္တလေးတိုင်းဒေသကြီး၊ အစိုးရအဖွဲ့၏ စီစဉ်ကြီးကြပ်မှုဖြင့် မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ၊ စားသုံးသူရေးရာဦးစီးဌာန၊ မန္တလေးတိုင်းဒေသကြီး ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်း၊ မြန်မာနိုင်ငံဆန်စက်လုပ်ငန်းရှင်များအသင်း၊ မန္တလေးတိုင်းဒေသကြီး ဆီကုန်သည်များနှင့် ဆီလုပ်ငန်းရှင်များအသင်းတို့ ပူးပေါင်း၍ ဆန်၊ ဆီ၊ ကြက်ဥ၊ ဘဲဥ၊ ငါးများကို အထူးသက်သာသော ဈေးနှုန်းဖြင့် ယနေ့နံနက်ပိုင်းက ချမ်းအေးသာစံမြို့နယ်၊ လမ်း၃၀နှင့် လမ်း၉၀ထောင့်နှင့် ချမ်းမြသာစည်မြို့နယ်၊ ၆၁လမ်းနှင့် ၁၀၇လမ်းထောင့်၊ မြို့သစ်(၃)ရပ်ကွက်တွင်လည်းကောင်း၊ ရောင်းချပေးခဲ့သည်။

သက်သာဈေးရောင်းချပေးမည့်အစီအစဉ်ကို မေ ၈ ရက်တွင် မဟာအောင်မြေမြို့နယ်၊ ၈၂လမ်းနှင့် ၃၂လမ်းထောင့်၊ ရတနာဘုမ္မိအရှေ့ရပ်ကွက်နှင့် ပြည်ကြီးတံခွန်မြို့နယ်၊ ၁၂၂လမ်း၊ ၅၁လမ်းနှင့် ၅၃လမ်းကြား၊ သင်ပန်းကုန်းရပ်ကွက်တွင်လည်းကောင်း၊ မေ ၉ရက်တွင် အောင်မြေသာစံမြို့နယ်၊ အကွက်(၁၃)၊ ဒေါနဘွားရပ်ကွက်၊ အုတ်စက်ရွာလယ်မွှာရုံနှင့် အမရပူရမြို့နယ်၊ ပွဲတော်ဘုန်းကြီးကျောင်းလမ်းအနီး၊ ရွာလယ်လမ်းဆုံ၊ ကျုံ့တန်းရပ်ကွက်တွင်လည်းကောင်း၊ မေ ၁၀ ရက်တွင် ချမ်းအေးသာစံမြို့နယ်၊ ၇၇လမ်း၊ ၂၇လမ်းနှင့် ၂၈လမ်းကြား၊ ဟေမာဇလရပ်ကွက်နှင့် ချမ်းမြသာစည်မြို့နယ် ၈၂လမ်း၊ ထီးတန်းပဲတန်းလမ်း၊ တမ္ပဝတီရပ်ကွက် မုခ်ဦးတန်းဓမ္မာရုံအနီးတွင်လည်းကောင်း၊ မေ ၁၁ ရက်တွင် မဟာအောင်မြေမြို့နယ်၊ ၉၁လမ်း၊ ၃၇လမ်းနှင့် ၃၈လမ်းကြား၊ စိန်ပန်းရပ်ကွက်နှင့် ချမ်းအေးသာစံမြို့နယ် ၂၇လမ်း၊ ၇၁လမ်းနှင့် ၇၂လမ်းကြားတွင်လည်းကောင်း၊ မေ ၁၂ ရက်တွင် အောင်မြေသာစံမြို့နယ်၊ ၁၉လမ်း၊ ၈၉လမ်းနှင့် လမ်း၉၀ကြား၊ အကွက်အမှတ်(၁၀၀)၊ မင်းတဲအီကင်းရပ်ကွက်ရုံးရှေ့၊ ပြည်ကြီးတံခွန်မြို့နယ်၊ ၁၁၈လမ်း၊ ၇၂လမ်းနှင့် ၇၃လမ်းကြား၊ (ဂ)ရပ်ကွက်တွင်လည်းကောင်း၊ မေ ၁၃ရက်တွင် ချမ်းအေးသာစံမြို့နယ်၊ ၇၂လမ်း၊ လမ်း၃၀နှင့် ၃၁လမ်းကြား၊ ရန်မျိုးလုံရပ်ကွက်နှင့် အမရပူရမြို့နယ်၊ လေးစုရပ်ကွက်မွှာရုံ၊ အထက(၁)ကျောင်းအနောက်ဘက်၊ လေးစုလမ်း၊ လေးစုရပ်ကွက်တွင်လည်းကောင်း ရောင်းချပေးသွားမည်ဖြစ်သည်။

ထိုသို့ တိုက်ရိုက်ရောင်းချနေမှုအစီအစဉ်ကို မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ စီးပွားရေးရာဝန်ကြီး ဦးသိန်းဌေးနှင့် တာဝန်ရှိသူများ၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ ဈေးနှင့်သားသတ်ဌာန ဌာနမှူး ဦးသက်နိုင်နှင့် တာဝန်ရှိသူများက အနီးကပ်ကြီးကြပ်ပြီး အဆင်ပြေစွာ ဝယ်ယူရရှိနိုင်ရေးအတွက် ဆောင်ရွက်ပေးလျက်ရှိသည်။ (အပေါ်ဝဲပုံ)

(မန္တလေးနေ့စဉ်-၆)

မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ မန္တလေးနေ့စဉ်သတင်းစာကို ထုတ်ဝေခွင့်အမှတ်(၀၁၀၄၁) မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီပုံနှိပ်တိုက်
ပုံနှိပ်ထုတ်ဝေခွင့် (၀၁၂၈၁)၊ ၃၅လမ်းနှင့် ၇၁လမ်းထောင့်တွင် ပုံနှိပ်ထုတ်ဝေသည်။ စာတိုက်သေတ္တာအမှတ်(၃၆)၊ ကြေးနန်းလိပ် မန်း/နေ့စဉ်၊
အယ်ဒီတာ၊ သတင်းထောက်၊ ကွန်ပျူတာ၊ စာပြင်၊ ဖြန့်ချိရေး၊ ပုံနှိပ် ဖုန်း ၀၂-၂၈၄၇၃၉၈၊ ၀၂-၂၈၃၂၀၀၇ ၊ mdydailynewspaper@gmail.com
ကြော်ငြာဌာန
ဖုန်း/ Fax-၀၂-၄၀၆၉၉၆၂၊
၂၉လမ်း၊၇၃လမ်းနှင့်၇၄လမ်းကြား၊





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ငလျင်ဘေးဒဏ်ကြောင့် ဝဏ္ဏသိဒ္ဓိအားကစားရုံ(A) အဆောက်အအုံထိခိုက်ပျက်စီးမှုကို ကြည့်ရှုစစ်ဆေးစဉ်။

☆ ရွှေဖုံးမှ

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ၂၀၁၃ ခုနှစ် ဇန်နဝါရီ ၃၁ ရက်တွင် တည်ဆောက်ပြီးစီးခဲ့သည့် ဝဏ္ဏသိဒ္ဓိ ဘောလုံးကွင်းသို့ ရောက်ရှိကြပြီး ငလျင်ဘေးဒဏ်ကြောင့် ဘောလုံးကွင်းနှင့် ပြေးလမ်းထိခိုက်ပျက်စီးခဲ့ရမှုများ၊ ပွဲကြည့်စင်နှင့် ဝင်ပေါက်များ ထိခိုက်ပျက်စီးခဲ့ရမှုများကို ကြည့်ရှုစစ်ဆေးရာ အားကစားနှင့် လူငယ်ရေးရာ ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး Jeng Phang နော်တောင်နှင့် တာဝန်ရှိသူများက ရှင်းလင်းတင်ပြကြသည်။

ရှင်းလင်း တင်ပြမှုများအပေါ် နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က ငလျင်ဘေးဒဏ်ကြောင့် ထိခိုက်ပျက်စီးခဲ့ရမှုများ ဖြစ်ပေါ်ခဲ့သည့် ဝဏ္ဏသိဒ္ဓိအားကစားပြိုင်ကွင်းအတွင်းရှိ အားကစားရုံများနှင့် အားကစားကွင်းများအား ပြန်လည်ပြုပြင်မှုများ ဆောင်ရွက်ရာတွင် သက်ဆိုင်ရာအဖွဲ့များမှ နည်းပညာရှင်များဖြင့် စနစ်တကျ စစ်ဆေး၍ ပြုပြင်ဆောင်ရွက်သွားရန်လိုကြောင်း၊ အားကစားပွဲများကျင်းပချိန်တွင် အားကစားသမားများနှင့် ပရိသတ်များ အများအပြား လာရောက်ကြမည် ဖြစ်သဖြင့် ကြံ့ခိုင်မှုကို အလေးပေး ဆောင်ရွက်သွားရန် လိုကြောင်း၊ မီတာ ၄၀၀ ပြေးလမ်းနှင့်ပွဲကြည့်စင်များရှိထိုင်ခုံများကို စနစ်တကျ ပြန်လည်ပြုပြင် ဆောင်ရွက်သွားရန်လိုကြောင်း မှာကြားသည်။ စာမျက်နှာ ၄ သို့ ☆





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ငလျင်ဘေးဒဏ်ကြောင့် ဝဏ္ဏသိဒ္ဓိအားကစားရုံ(B) အဆောက်အအုံ ထိခိုက်ပျက်စီးမှုကို ကြည့်ရှုစစ်ဆေးစဉ်။





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ငလျင်ဘေးဒဏ်ကြောင့် ဝဏ္ဏသိဒ္ဓိရေကူးကန်အဆောက်အအုံ ထိခိုက်ပျက်စီးမှုကို ကြည့်ရှုစစ်ဆေးစဉ်။





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ငလျင်ဘေးဒဏ်ကြောင့် ဝဏ္ဏသိဒ္ဓိဘောလုံးကွင်းပွဲကြည့်စင်နှင့် ဝင်ပေါက်များ ထိခိုက်ပျက်စီးမှုကို ကြည့်ရှုစစ်ဆေးစဉ်။

✰ စာမျက်နှာ ၃ မှ

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ၂၀၁၃ ခုနှစ် မေ ၃၁ ရက်တွင် တည်ဆောက်ပြီးစီးခဲ့သည့် ဝဏ္ဏသိဒ္ဓိအားကစားရုံ(A)နှင့်(B) အဆောက်အအုံနှင့် ၂၀၁၃ ခုနှစ် မေ ၃၀ ရက်တွင် တည်ဆောက်ပြီးစီးခဲ့သည့် ဝဏ္ဏသိဒ္ဓိရေကူးကန်တို့သို့သွားရောက်၍ထိခိုက်ပျက်စီးခဲ့ရမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးရာ တာဝန်ရှိသူများက ထိခိုက်ပျက်စီးခဲ့မှုများကို ရှင်းလင်းတင်ပြသည်။

**မှာကြား**

ရှင်းလင်းတင်ပြချက်များအပေါ် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က ယခုအားကစားရုံများအနေဖြင့် ထိခိုက်ပျက်စီးမှု အနည်းငယ်သာ ဖြစ်ပေါ်ခဲ့သော်လည်း Indoor Games များ ကျင်းပရာနေရာများ ဖြစ်သဖြင့် နည်းပညာရှင်များဖြင့် စနစ်တကျစစ်ဆေး၍ ကြံ့ခိုင်မှု အခြေအနေကို သိရှိနိုင်ရေး ဆောင်ရွက်သွားရန်လိုကြောင်း၊ လိုအပ်သည့် ပြုပြင်ထိန်းသိမ်းမှုများ ဆောင်ရွက်ရာတွင် အဆောက်အအုံကြံ့ခိုင်မှုနှင့် ဘေးကင်းလုံခြုံမှုကို ဦးစားပေး၍ စနစ်တကျ ပြန်လည်ပြုပြင် ဆောင်ရွက်သွားရန်လိုကြောင်းနှင့် အခြားလိုအပ်သည်များကို မှာကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

❖ စာမျက်နှာ ၂၄ မှ

ထို့နောက်နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် သမိုင်းဝင် နန်းတော်ဦး လောကမာရဇိန်စေတီတော်ကြီးသို့ရောက်ရှိကြပြီး စေတီတော်ကြီး၏ စိန်ဖူးတော်၊ ငှက်မြတ်နားတော် အပါအဝင် ပြိုကျပျက်စီးမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးစဉ် တာဝန်ရှိသူများက စေတီတော်ကြီး၏ ပြိုကျပျက်စီးမှု အခြေအနေများကို ရှင်းလင်းတင်ပြရာ ဒုတိယဝန်ကြီးချုပ်က စေတီတော်ကြီးသည် သမိုင်းဝင် စေတီတော်ဖြစ်သည့်အတွက် ရှေးမူမပျက် မူလလက်ရာများအတိုင်း စနစ်တကျ ပြန်လည်ပြုပြင်ခြင်းလုပ်ငန်းများကို အပိုင်းအလိုက် ဆောင်ရွက်ရန်မှာကြားသည်။





အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း တောင်ငူဗဟိုအကျဉ်းထောင် တည်ဆောက်နေသည့်လုပ်ငန်းခွင်ကို ကြည့်ရှုစစ်ဆေးစဉ်။

အဆိုပါ နန်းတော်ဦး လောကမာရဇိန်စေတီတော်ကြီးကိုကောဇာသက္ကရာဇ် ၁၁၆၁ ခုနှစ်တွင်ဗဒုံမင်းတရားကြီး ဘိုးတော်ဦးဝိုင်းက တည်ထားပူဇော်ခဲ့ပြီး "နန်းတော်ဦး ရန်အောင်နိုင်"ဘွဲ့ သမုတ်တော်မူခဲ့သည့် ကောဇာသက္ကရာဇ် ၁၂၈၀ ပြည့်နှစ်တွင် ဆရာတော် ဦးဩဘာသနှင့် ဦးအာစရတို့က နန်းတော်ဦးစေတီတော်ကိုငုံ၍ ဖိနပ်တော်၅၄ တောင်၊ ဉာဏ်တော် ၇၂ တောင်၊ ထီးတော်အမြင့် ၁၈ တောင်ကို တည်တော်မူခဲ့ပြီး ကောဇာသက္ကရာဇ် ၁၂၉၀ ပြည့်နှစ်တွင် တည်ဆောက်ပြုပြင်မှု ပြီးဆုံး၍ ထီးတော်အသစ်တင်လှူပြီး "နန်းတော်ဦး လောကမာရဇိန်" ဘွဲ့တော်သမုတ်၍ တည်ထားပူဇော်ထားခြင်းဖြစ်ကြောင်း သိရသည်။





အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း တောင်ငူနည်းပညာတက္ကသိုလ်တွင် ငလျင်ဒဏ်ကြောင့် ထိခိုက်ပျက်စီးမှုများကို ကြည့်ရှုစစ်ဆေးစဉ်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် တောင်ငူမြို့နယ်အတွင်း တည်ဆောက်လျက်ရှိသည့်တောင်ငူဗဟိုအကျဉ်းထောင်သို့ ရောက်ရှိကြရာ ယာယီရှင်းလင်းဆောင်၌ အကျဉ်းဦးစီးဌာနမှ စာမျက်နှာ ၅ သို့»»





အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း နန်းတော်ဦး လောကမာရဇိန်စေတီတော်ကြီး ငလျင်ဒဏ်ကြောင့် ထိခိုက်ပျက်စီးမှုများကို ကြည့်ရှုစစ်ဆေးစဉ်။

»»» စာမျက်နှာ ၄ မှ

တာဝန်ရှိသူများက အကျဉ်းထောင်တည်ဆောက်ရေး လုပ်ငန်းများ အပိုင်းလိုက် ဆောင်ရွက်နေမှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။ ထို့နောက် ဒုတိယဝန်ကြီးချုပ်နှင့် အဖွဲ့သည် တောင်ငူဗဟိုအကျဉ်းထောင်တည်ဆောက်နေသည့် လုပ်ငန်းခွင်များကို လှည့်လည် ကြည့်ရှုစစ်ဆေးပြီး တည်ဆောက် လျက်ရှိသည့် အကျဉ်းထောင်အား ငလျင်ဒဏ်ခံနိုင်ရည်ရှိအောင် ထည့်သွင်းတွက်ချက် ဒီဇိုင်းရေးဆွဲဆောက်လုပ်ရန်၊ တာဝန်ရှိသူများနှင့် QC အဖွဲ့များ ပူးပေါင်း၍ နှစ်ပတ်တစ်ကြိမ်(သို့မဟုတ်) တစ်ပတ်တစ်ကြိမ် ဆောက်လုပ်ရေးလုပ်ငန်းများကို စစ်ဆေးရန်၊ ဆောက်လုပ်ရေးလုပ်ငန်းသုံး ပစ္စည်းများကိုလည်း အရည်အသွေးပြည့်မီသည့် ပစ္စည်းများကိုသာ အသုံးပြုရန်နှင့် လိုအပ်သည့် နည်းပညာပိုင်းဆိုင်ရာ အကူအညီများကိုလည်း ဆောက်လုပ်ရေးဝန်ကြီးဌာနနှင့် ပူးပေါင်းဆောင်ရွက်ရန် မှာကြားသည်။



အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း ငလျင်ဒဏ်ကြောင့် ထိခိုက်ဒဏ်ရာရရှိခဲ့သဖြင့် တောင်ငူပြည်သူ့ဆေးရုံ၌ ဆေးကုသမှုခံယူလျက်ရှိသည့် ပြည်သူများအား ရင်းရင်းနှီးနှီး မေးမြန်းအားပေးစကားပြောကြားစဉ်။

ဆက်လက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် တောင်ငူနည်းပညာတက္ကသိုလ်သို့ရောက်ရှိကြရာ နည်းပညာတက္ကသိုလ်မှ ဒုတိယပါမောက္ခချုပ်က တက္ကသိုလ်ဖွဲ့စည်း တည်ဆောက်ထားရှိသည့် အချက်အလက်များ၊ ငလျင်ဒဏ်ကြောင့် တက္ကသိုလ် ထိခိုက်ပျက်စီးခဲ့မှုအခြေအနေများနှင့် အန္တရာယ်ရှိ အဆောက်အအုံ/နေရာများ အလိုက် သတ်မှတ်ထားရှိမှုတို့ကို ရှင်းလင်းတင်ပြသည်။ ထို့နောက် ဒုတိယဝန်ကြီးချုပ်နှင့် အဖွဲ့သည် တက္ကသိုလ်အတွင်း ငလျင်ကြောင့် ပျက်စီးခဲ့သည့် Lobby၊ ပင်မသုံးထပ်ဆောင်၊ Extension Building လေးထပ်ဆောင်၊ သုံးထပ်စာသင်ဆောင်၊ တစ်ထပ်လက်တွေ့ဆောင်၊ ကွန်ပျူတာအခန်းများနှင့် ဘာသာရပ်အလိုက် စာသင်ဆောင်တို့ကို လှည့်လည် ကြည့်ရှုစစ်ဆေးပြီး အဆောက်အအုံများ၏ ကြံ့ခိုင်မှုတို့ကို ပဲခူးတိုင်းဒေသကြီးအစိုးရ၊ အဆောက်အဦစစ်ဆေးအဖွဲ့များ၏ စစ်ဆေးပြီး အခြေအနေများအပေါ် ဆောက်လုပ်ရေးဝန်ကြီးဌာနနှင့် သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန ပညာရှင်များက တိုင်းတာစစ်ဆေးသည့် စက်ကိရိယာများဖြင့် ထပ်မံစစ်ဆေးလျက် ပြုပြင်ရန်လိုအပ်သည့် အဆောက်အအုံနှင့် အစိတ်အပိုင်းများအား မိုးရာသီမတိုင်မီ အမြန်ဆုံး ပြန်လည်ပြုပြင်တည်ဆောက်ရန်နှင့် အခြားလိုအပ်သည်များကို မှာကြားသည်။

အဆိုပါ နည်းပညာတက္ကသိုလ်သည် နိုင်ငံတကာအသိအမှတ်ပြုလက်မှတ်(ISO 9001:2015)ရရှိပြီးသည့် မြန်မာနိုင်ငံ၏ အဆင့်မြင့်နည်းပညာတက္ကသိုလ်တစ်ခုဖြစ်ပြီး ၂၀၁၈-၂၀၁၉ ပညာသင်နှစ်အထိ Civil၊ EC၊ EP၊ Mech စသည့် မေဂျာကြီး လေးခုသာ သင်ကြားပို့ချခဲ့သော်လည်း ၂၀၁၉-၂၀၂၀ ပညာသင်နှစ်မှစ၍ IT နှင့် MC မေဂျာနှစ်ခုကို ထပ်တိုးသင်ကြားနေပြီဖြစ်ကြောင်း သိရသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် တောင်ငူပြည်သူ့ဆေးရုံသို့ရောက်ရှိရာ ဆေးရုံအုပ်ကြီးနှင့် တာဝန်ရှိသူများက ကြိုဆိုနှုတ်ဆက်ကြသည်။ ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ငလျင်ဒဏ်ကြောင့် ထိခိုက်ဒဏ်ရာရရှိခဲ့သဖြင့် တက်ရောက်ဆေးကုသမှု ခံယူလျက်ရှိသည့် အရပ်သားပြည်သူများကို လိုက်လံကြည့်ရှု၍ ထိခိုက်ဒဏ်ရာရှိမှု အခြေအနေ၊ ကျန်းမာရေးစောင့်ရှောက်မှု အခြေအနေများ၊ ရောဂါသက်သာပျောက်ကင်းမှု အခြေအနေများကို တစ်ဦးချင်း ရင်းရင်းနှီးနှီး မေးမြန်းအားပေးစကားပြောကြားကာ စားသောက်ဖွယ်ရာများနှင့် ထောက်ပံ့ငွေများကိုလည်းကောင်း၊ ဆေးရုံမှ ဝန်ထမ်းများအတွက်

စာမျက်နှာ ၆ သို့ »»»





အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း ဆွာချောင်းတံတား ငလျင်ဒဏ်ကြောင့် ထိခိုက်ပျက်စီးမှုများကို ကြည့်ရှုစစ်ဆေးစဉ်။



သမိုင်းဝင် နန်းတော်ဦး လောကမာရဇိန်စေတီတော်ကြီး၏ ပြိုကျပျက်စီးမှုအခြေအနေကို တွေ့ရစဉ်။



အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း ရွှေလင်းယုန်ဆရာတော် အဂ္ဂမဟာသဒ္ဓမ္မ ဇောတိကဓဇ ဘဒ္ဒန္တ အရဝိန္ဒာဘိဝံသထံ လှူဖွယ်ပစ္စည်းများနှင့် ဝတ္ထုငွေများ ဆက်ကပ်လှူဒါန်းစဉ်။

»»» စာမျက်နှာ ၅ မှ

ချီးမြှင့်ငွေများကို လည်းကောင်း ပေးအပ်ပြီး လိုအပ်သည်များကို တာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးသည်။

အဆိုပါဆေးရုံ၌ ငလျင်ဒဏ်ကြောင့် ထိခိုက်ဒဏ်ရာရရှိခဲ့သည့် ပြည်သူများကို အတွင်းလူနာအဖြစ် ၆၇ ဦး တက်ရောက်ကုသမှု ခံယူခဲ့ရာမှ ယခုအခါ ရှစ်ဦးသာ ဆေးကုသမှုခံရန် ကျန်ရှိပြီး ၅၉ ဦးသည် ထိခိုက်ဒဏ်ရာများ သက်သာပျောက်ကင်းသွားပြီ ဖြစ်သဖြင့် ဆေးရုံမှ ဆင်းခွင့်ရရှိသွားကြပြီ ဖြစ်ကြောင်း သိရသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် သမိုင်းဝင်ရွှေဆံတော်စေတီတော်သို့ ရောက်ရှိကြရာ ပန်း၊ ရေချမ်းနှင့် ဆီမီးများကပ်လှူပူဇော်ကြပြီး စေတီတော်ကြီးအတွက် အလှူငွေများ ပေးအပ်လှူဒါန်းကာ ငလျင်ဒဏ်ကြောင့် စေတီတော်ကြီး၏ ထီးတော်မှ မြေခခဲ့သည့် အစိတ်အပိုင်းများ၊ ငလျင်ဒဏ်ကြောင့် စေတီတော်ကြီး၏ ထီးတော် အနည်းငယ် တိမ်းစောင်းနေမှု၊ စေတီတော်ကြီး အနည်းငယ် ကွဲအက်ပျက်စီးနေမှု အခြေအနေများကို လိုက်လံကြည့်ရှုစစ်ဆေးပြီးဘုရားဖူးပြည်သူများ အန္တရာယ်ကင်းရှင်းစွာ လာရောက်ဖူးမြော်နိုင်ရန်အတွက် ပြုပြင်ခြင်း လုပ်ငန်းများကို ရှေးမူမပျက် အမြန်ဆုံး ဆောင်ရွက်သွားရန်နှင့် အခြားလိုအပ်သည်များကို လမ်းညွှန်မှာကြားသည်။ ထို့နောက် ဒုတိယ ဝန်ကြီးချုပ်နှင့် အဖွဲ့သည် ဂန္ဓဝင်ကိုးခန်း သိမ်တော်ကြီး၌ ရတနာဂုဏ်ဖြင့်ကျောင်း ရွှေလင်းယုန်ဆရာတော် အဂ္ဂမဟာသဒ္ဓမ္မ ဇောတိကဓဇ ဘဒ္ဒန္တ အရဝိန္ဒာ ဘိဝံသ အမှူးပြုသော ဩဝါဒါစရိယ ဆရာတော်ကြီးများအား ဖူးမြော်ကြည်ညိုကြကာ လှူဖွယ်ပစ္စည်းများနှင့် ဝတ္ထုငွေများ ဆက်ကပ်လှူဒါန်းကြသည်။

ထို့နောက် ငလျင်ဒဏ်ကြောင့် ပျက်စီးခဲ့သည့် စေတီတော်များအတွက် အလှူရှင်များ ရှိပြီးဖြစ်သဖြင့် ပြန်လည်ပြုပြင်ရာတွင် ရှေးမူမပျက် မူလလက်ရာအတိုင်း ပိုမိုခိုင်ခံ့မှုရှိစေရန်အတွက် လိုအပ်သည့် နည်းပညာအကူအညီများဖြင့် ဆောင်ရွက်သွားမည့် အခြေအနေများကို လျှောက်ထားရာ ကြာနီကန် စာသင်တိုက်မှ နိုင်ငံတော်ဩဝါဒါစရိယ မဟာဂန္ထဝါစက ပဏ္ဍိတ အဂ္ဂမဟာဂန္ထဝါစက ပဏ္ဍိတ ဘဒ္ဒန္တ သူရိယက နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် ကြုံတွေ့ခဲ့ရသည့် ကပ်ရောဂါနှင့် သဘာဝဘေးအန္တရာယ်များကို သဒ္ဓါ၊ သတိ၊ ပညာ၊ ဝီရိယ၊ ပညာ ယှဉ်၍ အောင်မြင်စွာ ကျော်လွှားနိုင်ပါကြောင်း၊ အောင်မြင်နိုင်ရန်လည်း ယုံကြည်ချက်ရှိရှိဖြင့် ရင်ဆိုင်ကျော်လွှားနိုင်မည်ဟု ယုံကြည်ပါကြောင်း ဩဝါဒမိန့်ကြားရာ ဒုတိယဝန်ကြီးချုပ်က ယခုဖြစ်ပွားခဲ့သည့် ငလျင်ဘေးဒဏ်နှင့် ပတ်သက်၍ ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို အကောင်းဆုံးဖြစ်အောင် ဆောင်ရွက်ပေးသွားမည့် အခြေအနေများနှင့် အခြားသာသနာဆိုင်ရာ ကိစ္စရပ်များကို ထပ်မံလျှောက်ထားတင်ပြသည်။

ဆက်လက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် တောင်ငူတက္ကသိုလ်တွင် ငလျင်ဒဏ်ကြောင့် ထိခိုက်ပျက်စီးမှုကြောင့် Main Structure တိုင်များမှ ကွန်ကရစ်များ ကြွေမှု၍ သံချောင်းများ ကွေးညွတ်ပြီး ထိခိုက်ပျက်စီးမှုများပြားခဲ့သည့် ရာမည သုံးထပ်စာသင်ဆောင်နှင့် မြေညီထပ်စာဖတ်ခန်းရှိ ကြမ်းခင်းများနှင့် အုတ်နံရံများ ကွဲကျပျက်စီးခဲ့သည့် စာကြည့်တိုက်တို့ကိုလည်းကောင်း၊ စက်မှုလက်မှုသိပ္ပံ (တောင်ငူ)တွင် ငလျင်ဒဏ်ကြောင့် ထိခိုက်ပျက်စီးခဲ့သည့် ကျောင်းသားကျောင်းသူ အဆောင်များ၊ ဝန်ထမ်းအိမ်ရာများကို အသေးစိတ်လိုက်လံကြည့်ရှုစစ်ဆေးပြီး အဆောက်အအုံများ၏ ကွဲခိုင်မှုအခြေအနေများကို သက်ဆိုင်ရာနယ်ပယ်အလိုက် ပညာရှင်များပါဝင်သော အဖွဲ့နှင့် စစ်ဆေး၍ ပြန်လည်တည်ဆောက်ရမည့် အဆောက်အအုံများကို အမြန်ဆုံး ပြန်လည်တည်ဆောက်သွားရန်၊ ဖြိုချဖျက်ဆီးသွားရမည့် အဆောက်အအုံများကိုလည်း ဘေးအန္တရာယ်ကင်းရှင်းစွာ ဖြိုချဖျက်ဆီးရန်၊ ပျက်စီးသွားခဲ့သည့်အဆောက်အအုံများအတွင်း လျှပ်စစ်အန္တရာယ်ကင်းရှင်းစေရေး ဆောင်ရွက်သွားရန်နှင့် အခြားလိုအပ်သည်များကို မှာကြားသည်။ ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်သည် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်နေသည့် မီးသတ်တပ်ဖွဲ့ဝင်များ၊ ဆရာဆရာမများနှင့် ဝန်ထမ်းများအား ချီးမြှင့်ငွေများ ပေးအပ်သည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ရန်ကုန်-မန္တလေး အမြန်လမ်း ၁၆၅ မိုင် ၁ ဖာလုံနှင့် ၁၆၅ မိုင် ၃ ဖာလုံကြားရှိ ဆွာချောင်းတံတား ငလျင်ဒဏ်ကြောင့်ထိခိုက်ပျက်စီးသွားခဲ့မှု အခြေအနေများ၊ အသွားလမ်း ပေ ၈၁၀ ပြင်ဆင်ထိန်းသိမ်းခြင်း လုပ်ငန်းများ ဆောင်ရွက်နေမှု၊ P7 ကို ဗဟိုထား၍ နှစ်လွှာ တစ်ထပ် ယာယီဘေလီတံတား ပေ ၁၉၀ တပ်ဆင်ခြင်း လုပ်ငန်း ဆောင်ရွက်ပြီးစီးမှု အခြေအနေနှင့် ပေ ၄၀ သုံးလွှာ သုံးထပ် ဘေလီပြင်မ်းထောက်ခြင်း လုပ်ငန်းဆောင်ရွက်နေမှု အခြေအနေများကို သွားရောက်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို လမ်းညွှန်မှာကြားသည်။

အဆိုပါ ဆွာချောင်းတံတား ငလျင်ဒဏ်ကြောင့် ပျက်စီးခဲ့မှုများကို ခရီးသွားပြည်သူများ အဆင်ပြေချောမွေ့စွာ ခရီးသွားလာနိုင်ရေးအတွက် ပြန်လည်တည်ဆောက်ရေး လုပ်ငန်းများကို ဆောက်လုပ်ရေး ဝန်ကြီးဌာန တံတားဦးစီးဌာန တည်ဆောက်ရေးအဖွဲ့(၃) တံတားအထူးအဖွဲ့(၁၀)က တာဝန်ယူဆောင်ရွက်လျက်ရှိရာ ယနေ့အထိ ၅ တန်အောက် ယာဉ်များသာ သွားလာနိုင်သော်လည်း ဧပြီ ၉ ရက်မှ စတင်၍ တန် ၂၀ မော်တော်ယာဉ်ကြီးများ ဖြတ်သန်းသွားလာနိုင်တော့မည်ဖြစ်ကြောင်း သိရသည်။

ပဲခူးတိုင်း ဒေသကြီးအတွင်း ငလျင်ဒဏ်ကြောင့် ထိခိုက်ပျက်စီးသေဆုံးမှုအနေဖြင့် ကနဦးစာရင်းများအရ ဘုရားစေတီ ၇၁ ဆူ၊ ဘုန်းတော်ကြီးကျောင်း ၁၈၆ ကျောင်း၊ စာသင်ကျောင်း ၉၂ ကျောင်း၊ အခြားဘာသာရေးကျောင်း ၁၅ ကျောင်း၊ ဌာနဆိုင်ရာ အဆောက်အအုံ ၂၀၀၊ အခြားအဆောက်အအုံ ၂၈၉၃၊ လူနေအဆောက်အအုံ ၁၇၃၆ လုံးနှင့် လမ်းတံတားအချို့ ထိခိုက်ပျက်စီးခဲ့ပြီး သေဆုံးသူ ၄၄ ဦး၊ ဒဏ်ရာရရှိသူ ၂၃၄ ဦး ရှိကြောင်း သိရသည်။

သတင်းစဉ်



ငလျင်ဒဏ်ကြောင့် ဆွာချောင်းတံတား ထိခိုက်ပျက်စီးမှုအခြေအနေကို တွေ့ရစဉ်။




ငလျင်ဒဏ်ကြောင့် ဆွာချောင်းတံတား ထိခိုက်ပျက်စီးမှုအား ခရီးသွားပြည်သူများ အဆင်ပြေချောမွေ့စွာ သွားလာနိုင်ရေး ပြန်လည်တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်ထားမှုကို တွေ့ရစဉ်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အတွင်းရေးမှူး ဗိုလ်ချုပ်ကြီးအောင်လင်းဒွေး သံလွင်တံတား(တာကော်) တံတားအသစ်ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်ဖွင့်လှစ်

နေပြည်တော် ဧပြီ ၇

ရှမ်းပြည်နယ်တောင်ပိုင်းနှင့် အရှေ့ပိုင်းကို ချိတ်ဆက်ထားသည့် မိတ္ထီလာ-တောင်ကြီး-ကျိုင်းတုံ-တာချီလိတ် ပြည်ထောင်စုလမ်းမကြီး မိုင်တိုင်အမှတ်(၂၈၄/၀)ရှိ သံလွင်တံတား(တာကော်)တံတားအသစ်ဖွင့်ပွဲအခမ်းအနားကို ယနေ့ နံနက်ပိုင်းတွင် ရှမ်းပြည်နယ်(တောင်ပိုင်း) ကွန်ဟိန်းမြို့နယ်ရှိ အဆိုပါတံတား၌ ကျင်းပရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အတွင်းရေးမှူး ဗိုလ်ချုပ်ကြီး အောင်လင်းဒွေး တက်ရောက် ဖွင့်လှစ်သည်။

ဖွင့်ပွဲအခမ်းအနားသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အဖွဲ့ဝင် ခွန်စံလွင်၊ ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမျိုးသန့်၊ ရှမ်းပြည်နယ် ဝန်ကြီးချုပ် ဦးအောင်အောင်၊ အရှေ့အလယ်ပိုင်းတိုင်း စစ်ဌာနချုပ်တိုင်းမှူး၊ ရှမ်းပြည်နယ် ဝန်ကြီးများ၊ ဆောက်လုပ်ရေးဝန်ကြီးဌာနမှ ညွှန်ကြားရေးမှူးချုပ်များနှင့် တာဝန်ရှိသူများ၊ ပြည်နယ် / ခရိုင် / မြို့နယ်အဆင့်ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ဖိတ်ကြားထားသည့် ဧည့်သည်တော်များ၊ ရပ်မိရပ်ဖများ၊ ဒေသခံပြည်သူများ၊ တိုင်းရင်းသားရိုးရာအဖွဲ့များနှင့် ကျောင်းသားကျောင်းသူများ တက်ရောက်ကြသည်။

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အတွင်းရေးမှူး ဗိုလ်ချုပ်ကြီး အောင်လင်းဒွေးနှင့် အဖွဲ့ဝင်များသည် အခမ်းအနားကျင်းပမည့်နေရာသို့ ရောက်ရှိကြရာ တာဝန်ရှိသူများနှင့် ဒေသခံပြည်သူများက လှိုက်လှဲစွာကြိုဆိုကြသည်။

ထို့နောက် သံလွင်တံတား (တာကော်) တံတားအသစ်ဖွင့်ပွဲအခမ်းအနားကို စတင်ကျင်းပရာ ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ခွန်စံလွင်၊ ပြည်ထောင်စုဝန်ကြီး ဦးမျိုးသန့်၊ ပြည်နယ်ဝန်ကြီးချုပ် ဦးအောင်အောင်၊ အရှေ့အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်မျိုးမင်းထွန်းနှင့် ပြည်နယ်လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဦးနေဝင်းအောင်တို့က မင်္ဂလာအချိန်တွင် သံလွင်တံတား (တာကော်) တံတားအသစ်အား ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အတွင်းရေးမှူး ဗိုလ်ချုပ်ကြီးအောင်လင်းဒွေးသည် သံလွင်တံတား (တာကော်) တံတားအသစ် ဖွင့်လှစ်ခြင်း အထိမ်းအမှတ် ကမ္ပည်းမော်ကွန်းကျောက်စာတိုင်အား စက်ခလုတ်နှိပ်ဖွင့်လှစ်၍ အမွှေးနံ့သာရည်များ ပက်ဖျန်းပေးသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အတွင်းရေးမှူး ဗိုလ်ချုပ်ကြီးအောင်လင်းဒွေး ထံသို့ တံတားဖွင့်ပွဲ အမှတ်တရ လက်ဆောင် ပစ္စည်းအား ပြည်ထောင်စုဝန်ကြီး ဦးမျိုးသန့်က ပေးအပ်သည်။

ဆက်လက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အတွင်းရေးမှူး ဗိုလ်ချုပ်ကြီးအောင်လင်းဒွေးသည် အခမ်းအနားသို့ တက်ရောက်လာကြသူများနှင့်အတူ အမှတ်တရ စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်ပြီး အသစ်တည်ဆောက်ပြီးစီးသည့် တံတားကို ဖြတ်သန်းကြည့်ရှုစစ်ဆေးသည်။

သံလွင်တံတား (တာကော်) တံတားအဟောင်းအား ၁၉၆၅ ခုနှစ်တွင် စတင်တည်ဆောက်ခဲ့ပြီး ၁၉၇၄ ခုနှစ်တွင် ဖွင့်လှစ်အသုံးပြုခဲ့ရာ သက်တမ်း ၄၄ နှစ်ကျော်ကြာမြင့်ခဲ့ပြီဖြစ်ကြောင်း၊ တံတားခံနိုင်ဝန်အား လျော့နည်းကျဆင်းလာသည့်အတွက် တံတားဟောင်း၏ Up Stream ဘက်တံတား၏ ပေ ၇၀ အကွာတွင် တံတားအသစ်တစ်စင်းကို တံတားဦးစီးဌာန တံတားအထူးအဖွဲ့ (၁၂)က ၂၀၁၈ ခုနှစ် ဧပြီလမှစတင်၍ တာဝန်ယူတည်ဆောက်ခဲ့ရာ ယနေ့ အောင်မြင်စွာ ဖွင့်လှစ်ပေးနိုင်ခဲ့သည့်အတွက် ခရီးသွားပြည်သူများနှင့် **စာမျက်နှာ ၈ သို့**



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အတွင်းရေးမှူး ဗိုလ်ချုပ်ကြီးအောင်လင်းဒွေးနှင့် အခမ်းအနားတက်ရောက်လာကြသူများ သံလွင်တံတား(တာကော်) တံတားအသစ်ကို ဖြတ်သန်းကြည့်ရှုစစ်ဆေးစဉ်။



## ဖဲကြိုးဖြတ်ဖွင့်လှစ်

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ခွန်စံလွင်၊ ပြည်ထောင်စုဝန်ကြီး ဦးမျိုးသန့်၊ ပြည်နယ်ဝန်ကြီးချုပ် ဦးအောင်အောင်၊ အရှေ့အလယ်ပိုင်းတိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မျိုးမင်းထွန်းနှင့် ပြည်နယ်လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဦးနေဝင်းအောင်တို့က သံလွင်တံတား(တာကော်) တံတားအသစ်အား ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြစဉ်။




သံလွင်တံတား(တာကော်) တံတားအသစ်ကို တွေ့ရစဉ်။

စာမျက်နှာ ၇ မှ

ကုန်တင်ယာဉ်ကြီးများ လွယ်ကူချောမွေ့စွာ သွားလာနိုင်ပြီဖြစ်ကြောင်း။

သံလွင်တံတား (တာကော်) တံတားအသစ်သည် အပေါ်ထည်ပင်မတံတား Steel Box Girder နှင့် RCC Slab ဖြစ်ပြီး ချဉ်းကပ်တံတားမှာ PC Girder , RC Girder နှင့် RCC Slab အမျိုးအစားတို့ဖြင့် ပေါင်းစပ် တည်ဆောက်ထားကြောင်း၊ တံတားအရှည် ၁၁၅၁ ပေ၊ ယာဉ်သွားလမ်း နှစ်လမ်းသွားနှင့် တံတားအောက်ရေလမ်းကင်းလွတ်အမြင့် ၃၅ ပေ ၉ လက်မနှင့် ရေလမ်းကင်းလွတ်အကျယ် ပေ ၃၆၀ ရှိပြီး တံတား၏ ခံနိုင်ဝန်မှာ ယာဉ်တစ်စီးချင်း တန် ၆၀ ဖြစ်ကြောင်း။




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အတွင်းရေးမှူး ဗိုလ်ချုပ်ကြီးအောင်လင်းဒွေး သံလွင်တံတား(တာကော်) တံတားအသစ် ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်လာကြသူများနှင့်အတူ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်စဉ်။

သံလွင်တံတား (တာကော်) တံတားအသစ်သည် အာရှလမ်းမကြီး အမှတ်(၂) (AH - 2) မိတ္ထီလာ - တောင်ကြီး - ကျိုင်းတုံ - တာချီလိတ် ပြည်ထောင်စုလမ်းမကြီးပေါ်တွင် အသစ်တည်ဆောက်ပြီးစီးသည့်အတွက် မြန်မာနိုင်ငံနှင့် အိမ်နီးချင်းနိုင်ငံများ ဖြစ်သည့် တရုတ်၊ လာအို၊ ထိုင်းနိုင်ငံများသို့ ပိုမိုလွယ်ကူလျင်မြန်စွာ ဆက်သွယ်သွားလာနိုင်မည် ဖြစ်သကဲ့သို့ နယ်စပ် ကုန်သွယ်ရေးလုပ်ငန်းများလည်း ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ပြီး ဒေသခံတိုင်းရင်းသားပြည်သူများ၏ လူမှုစီးပွားဘဝ အလျင်အမြန် ဖွံ့ဖြိုးတိုးတက်လာမည့်အကျိုးကျေးဇူးများလည်း ရရှိမည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး တင်အောင်စန်း မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယနိုင်ငံသံအမတ်ကြီးအား လက်ခံတွေ့ဆုံ

နေပြည်တော် ဧပြီ ၇

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံတော်ဝန်ကြီးချုပ်ရုံး ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး တင်အောင်စန်းသည် မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယနိုင်ငံသံအမတ်ကြီး H.E. Mr. Abhay Thakur အား ယနေ့မွန်းလွဲပိုင်းတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီရုံး၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် မတ် ၂၈ ရက်တွင် မန္တလေးမြို့၏ အရှေ့မြောက်ဘက် ကီလိုမီတာ ၂၀ ခန့်အကွာကိုဗဟိုပြု၍ အင်အားပြင်းထန်သည့် မြေငလျင်လှုပ်ခတ်မှုကြောင့် ထိခိုက်ပျက်စီးခဲ့မှုအခြေအနေ၊ ပြည်ပနိုင်ငံများနှင့် နိုင်ငံတကာအဖွဲ့အစည်းများက ရှာဖွေကယ်ဆယ်ရေး ကူညီဆောင်ရွက်နေမှုအခြေအနေ၊ ငလျင်ဒဏ်ခံစားခဲ့ရသည့် ပြည်သူများအတွက် အိန္ဒိယနိုင်ငံက လူသားချင်းစာနာထောက်ထားမှုအကူအညီ ထောက်ပံ့ပေးအပ်မှုအခြေအနေနှင့် ပြန်လည်ထူထောင်ရေးကာလအတွက် နည်းပညာပိုင်းဆိုင်ရာအပါအဝင် လိုအပ်သည့်အကူအညီများ ပံ့ပိုးပေးအပ်ရေးတို့နှင့် စပ်လျဉ်းသည့်ကိစ္စရပ်တို့ကို အမြင်ချင်းဖလှယ် ဆွေးနွေးခဲ့ကြသည်။

တွေ့ဆုံပွဲသို့ နိုင်ငံတော်ဝန်ကြီးချုပ်ရုံးနှင့် ပြည်ထောင်စုဝန်ကြီးရုံးမှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

သတင်းစဉ်





# ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေ UNHCR ၏ မြန်မာနိုင်ငံဆိုင်ရာ ဌာနေကိုယ်စားလှယ် Ms. Noriko Takagi အား လက်ခံတွေ့ဆုံ

နေပြည်တော် ဧပြီ ၇

ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေသည် ကုလသမဂ္ဂ ဒုက္ခသည်များဆိုင်ရာမဟာမင်းကြီးရုံး (UNHCR)၏ မြန်မာနိုင်ငံဆိုင်ရာ ဌာနေကိုယ်စားလှယ် Ms. Noriko Takagi အား ယနေ့ နံနက် ၁၁ နာရီတွင် နိုင်ငံခြားရေးဝန်ကြီးဌာန နေပြည်တော်၌ လက်ခံတွေ့ဆုံသည်။

## ကူညီပံ့ပိုးနိုင်ရေးဆွေးနွေး

ထိုသို့တွေ့ဆုံစဉ် UNHCR အနေဖြင့် မြန်မာနိုင်ငံရှိ ငလျင်ဘေးသင့်ပြည်သူများအား ကူညီပံ့ပိုးနိုင်ရေးကိစ္စရပ်များနှင့်ပတ်သက်၍ ဆွေးနွေးခဲ့ကြသည်။

တွေ့ဆုံဆွေးနွေးပွဲသို့ နိုင်ငံခြားရေးဝန်ကြီးဌာနမှ အရာရှိကြီးများ တက်ရောက်ခဲ့ကြောင်း သိရသည်။

သတင်းစဉ်

## မိုးတိမ်တောင်ဖြစ်ပေါ်မှု အခြေအနေ

နေပြည်တော် ဧပြီ ၇

ရန်ကုန်တိုင်းဒေသကြီးနှင့် ဧရာဝတီတိုင်းဒေသကြီးတို့တွင် မိုးတိမ်တောင်များ ဖြစ်ထွန်းလျက်ရှိပြီး အဆိုပါမိုးတိမ်တောင်များ ရွေ့လျားရာနေရာတစ်လျှောက်တွင် မိုးရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ မိုးထစ်ချုန်းခြင်း၊ မိုးကြိုးပစ်ခြင်း၊ လျှပ်စီးလက်ခြင်းနှင့် မိုးသီးကြွေခြင်း စသည့်မိုးလေဝသဖြစ်စဉ်များ ဖြစ်ပေါ်နိုင်ပါသဖြင့် ကြိုတင်သတိပြုနိုင်ပါရန်အကြံပြုအပ်ပါသည်။

မိုး/ဇလ

# ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေ Humedica နှင့် International Medical Corps တို့မှ ကိုယ်စားလှယ်များအား လက်ခံတွေ့ဆုံ

နေပြည်တော် ဧပြီ ၇

ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေသည် အစိုးရမဟုတ်သည့် နိုင်ငံတကာအဖွဲ့အစည်းများဖြစ်သည့် Humedica နှင့် International Medical Corps တို့မှ ကိုယ်စားလှယ်များအား ဧပြီ ၇ ရက်က နိုင်ငံခြားရေးဝန်ကြီးဌာန နေပြည်တော်၌ လက်ခံတွေ့ဆုံသည်။

ထိုသို့တွေ့ဆုံစဉ် အဆိုပါအဖွဲ့များအနေဖြင့် မြန်မာနိုင်ငံရှိ ငလျင်ဘေးသင့်ပြည်သူများအား ကျန်းမာရေးအထောက်အကူဆိုင်ရာ ကူညီပံ့ပိုးမှုများ ဆောင်ရွက်ပေးနိုင်ရေးကိစ္စရပ်များနှင့်ပတ်သက်၍ ဆွေးနွေးခဲ့ကြသည်။

တွေ့ဆုံဆွေးနွေးပွဲသို့ နိုင်ငံခြားရေးဝန်ကြီးဌာနမှ အဆင့်မြင့်အရာရှိကြီးများ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

သတင်းစဉ်





# ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေ ဘင်္ဂလားဒေ့ရှ်နိုင်ငံ သံအမတ်ကြီးအား လက်ခံတွေ့ဆုံ

နေပြည်တော် ဧပြီ ၇

ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေသည် မြန်မာနိုင်ငံဆိုင်ရာ ဘင်္ဂလားဒေ့ရှ်သံအမတ်ကြီး ဒေါက်တာ မိုဟာမက် မွန်(န)ဝါ ဟူစိန်အား ယနေ့နံနက်ပိုင်းက နိုင်ငံခြားရေးဝန်ကြီးဌာန၌ လက်ခံတွေ့ဆုံသည်။

ထိုသို့ တွေ့ဆုံစဉ် ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီးဦးသန်းဆွေက ပျက်စီးဆုံးရှုံးမှုကြီးမားသည့် ငလျင်လှုပ်ခတ်မှုဖြစ်ပွားပြီးနောက် ဘင်္ဂလားဒေ့ရှ်နိုင်ငံက လူသားချင်း စာနာထောက်ထားမှုဆိုင်ရာ အကူအညီများပေးအပ်ခဲ့မှုနှင့် ဘင်္ဂလားဒေ့ရှ်ဆေးအဖွဲ့များ မြန်မာနိုင်ငံသို့ စေလွှတ်ပေးခဲ့ခြင်းအတွက် ကျေးဇူးတင်ရှိကြောင်းနှင့် ငလျင်ဒဏ်သင့် ပြည်သူများဘဝကို ကယ်တင်ရေးနှင့် ကယ်ဆယ်ရေးအတွက် နှစ်နိုင်ငံအကြား နီးကပ်စွာ ပူးပေါင်းဆောင်ရွက်သွားရန်အတွက်လည်း ဆွေးနွေးခဲ့ကြသည်။ ထို့ပြင် မြန်မာနှင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံတို့အကြား ရှိရင်းစွဲချစ်ကြည်ရင်းနှီးမှု ပိုမိုခိုင်မာလာစေရန် ပူးပေါင်းဆောင်ရွက်သွားနိုင်ရေး၊ စီးပွားရေး ပူးပေါင်းဆောင်ရွက်မှု တိုးမြှင့်ရေးနှင့် အလားအလာရှိသည့်ကဏ္ဍများ၌ ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှု အခွင့်အလမ်းများ မြှင့်တင်ရေးဆိုင်ရာကိစ္စရပ်များကို ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

သတင်းစဉ်

# အမျိုးသားလုံခြုံရေးဆိုင်ရာအကြံပေးပုဂ္ဂိုလ်နှင့် ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးမိုးအောင် မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယနိုင်ငံသံအမတ်ကြီး ဦးဆောင်သည့်ကိုယ်စားလှယ်အဖွဲ့အား လက်ခံတွေ့ဆုံ

နေပြည်တော် ဧပြီ ၇

အမျိုးသားလုံခြုံရေးဆိုင်ရာ အကြံပေးပုဂ္ဂိုလ်နှင့် နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌရုံးဝန်ကြီးဌာန (၁) ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးမိုးအောင်သည် မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယနိုင်ငံသံအမတ်ကြီး H.E. Mr. Abhay Thakur ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့အား ယနေ့မွန်းလွဲပိုင်းတွင် လက်ခံတွေ့ဆုံသည်။

ထိုသို့တွေ့ဆုံစဉ် ယခုကဲ့သို့ မိမိတို့နိုင်ငံတွင် ပြင်းထန်ငလျင် လှုပ်ခတ်မှုကြောင့် ထိခိုက်ပျက်စီးမှုများအပေါ် အိန္ဒိယနိုင်ငံအနေဖြင့် ကူညီဆောင်ရွက်ပေးမှုများအပေါ် များစွာကျေးဇူးတင်ရှိပါကြောင်း၊ လုံခြုံရေးဆိုင်ရာ ကိစ္စရပ်များနှင့် နှစ်နိုင်ငံကြား ပူးပေါင်းဆောင်ရွက်လျက်ရှိသည့် နယ်ပယ်ကဏ္ဍများအလိုက် အမြင်ချင်းဖလှယ် ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြသည်။

အဆိုပါတွေ့ဆုံပွဲသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီရုံးနှင့် အိန္ဒိယနိုင်ငံ သံရုံးတို့မှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြသည်။

သတင်းစဉ်



# ဒုတိယဝန်ကြီး ဦးလွင်ဦး မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယသံအမတ်ကြီးအား လက်ခံတွေ့ဆုံ

နေပြည်တော် ဧပြီ ၇

နိုင်ငံခြားရေး ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးလွင်ဦးသည် မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယသံအမတ်ကြီး မစ္စတာ အဘ်ဟေးတာကူးရ်အား ယနေ့ ညနေ ၄ နာရီခွဲတွင် နိုင်ငံခြားရေးဝန်ကြီးဌာန၌ လက်ခံတွေ့ဆုံသည်။



**ဆွေးနွေး**

ထိုသို့တွေ့ဆုံစဉ် ဒုတိယဝန်ကြီးက ပျက်စီးဆုံးရှုံးမှုကြီးမားသည့် ငလျင်လှုပ်ခတ်မှု ဖြစ်ပွားပြီးနောက် အိန္ဒိယနိုင်ငံမှ လူသားချင်း စာနာထောက်ထားမှုဆိုင်ရာ အကူအညီပစ္စည်းများ၊ ဆေးဝါးများပေးအပ်ခဲ့မှုနှင့် အိန္ဒိယရှာဖွေကယ်ဆယ်ရေးအဖွဲ့များနှင့် ဆေးအဖွဲ့များကို မြန်မာနိုင်ငံသို့ စေလွှတ်ပေးခဲ့ခြင်း အတွက် ကျေးဇူးတင်ရှိကြောင်းနှင့် ငလျင်ဒဏ်သင့်ပြည်သူများကို ကယ်တင်ရေးနှင့် ကယ်ဆယ်ရေးအတွက် နှစ်နိုင်ငံအကြား နီးကပ်စွာ ပူးပေါင်းဆောင်ရွက် သွားရန် အတွက်လည်း ဆွေးနွေးခဲ့ကြသည်။ ထို့ပြင် မြန်မာနှင့် ဘင်္ဂလားဒေ့ရှ် နိုင်ငံတို့အကြား ရှိရင်းစွဲ ချစ်ကြည်ရင်းနှီးမှု ပိုမိုခိုင်မာလာစေရန် ပူးပေါင်း ဆောင်ရွက်သွားနိုင်ရေး၊ စီးပွားရေး ပူးပေါင်းဆောင်ရွက်မှု တိုးမြှင့်ရေးနှင့် ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ ကဏ္ဍများတွင် တိုးမြှင့်ဆောင်ရွက်နိုင်ရေးဆိုင်ရာ ကိစ္စရပ်များနှင့်စပ်လျဉ်း၍ ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

သတင်းစဉ်

## ပြည်သူ့စစ်မှုထမ်းနည်းဥပဒေများအား ဖတ်ရှုနိုင်ရန် ဖော်ပြပေးထားသော Website နှင့် Webportal စာရင်း

၁။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီရုံး
https://sacoffice.gov.mm

၂။ ကာကွယ်ရေးဝန်ကြီးဌာန
https://www.mod.gov.mm

၃။ ဥပဒေရေးရာဝန်ကြီးဌာန
https://www.mlis.gov.mm

၄။ ပြန်ကြားရေးဝန်ကြီးဌာန
https://www.moi.gov.mm

၅။ Myawady Webportal
https://myawady.net.mm

၆။ Myanmar National Portal
https://myanmar.gov.mm

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်း မန္တလေးတိုင်းဒေသကြီး စက်မှုဇုန်အတွင်းရှိ လုပ်ငန်းရှင်များနှင့်တွေ့ဆုံ

နေပြည်တော် ဧပြီ ၇

စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာ ချာလီသန်းသည် မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးအောင်နှင့်အတူ ယနေ့မွန်းလွဲပိုင်းတွင် မန္တလေးတိုင်းဒေသကြီး စက်မှုဇုန်အတွင်းရှိ ဇလပ်ဝါဘီစက္ကူစက်ရုံသို့ရောက်ရှိပြီး စက်မှုဇုန်အတွင်းရှိ လုပ်ငန်းရှင်များအား ရင်းရင်းနှီးနှီးတွေ့ဆုံသည်။



ထိုသို့တွေ့ဆုံစဉ် ပြည်ထောင်စုဝန်ကြီးက အင်အားပြင်းငလျင်ဒဏ်ကြောင့် စက်မှုဇုန်အတွင်းလှ/စက်ရုံ၊ အဆောက်အအုံများ ထိခိုက်ပျက်စီးဆုံးရှုံးမှုအခြေအနေများကို သိရှိလိုပါကြောင်း၊ သို့မှသာ စက်မှုလုပ်ငန်းများနှင့် MSME လုပ်ငန်းများ အမြန်ဆုံးပြန်လည်လည်ပတ်နိုင်ရေးအတွက် ဆောင်ရွက်ပေးရမည့်လုပ်ငန်းများကို တတ်စွမ်းသရွေ့ကူညီဆောင်ရွက်ပေးနိုင်မည်ဖြစ်ကြောင်း၊ လုပ်ငန်းရှင်များအနေဖြင့် မိမိတို့တွေ့ကြုံနေရသည့်အခက်အခဲများကို ရင်းနှီးပွင့်လင်းစွာ တင်ပြပေးစေလိုကြောင်း၊ စက်ရုံပျက်စီးဆုံးရှုံးမှုများအပေါ်မူတည်၍ ချေးငွေများရရှိနိုင်ရေး စီစဉ်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း၊ ယခုဖြစ်ပွားခဲ့သည့် ငလျင်လှုပ်ခတ်မှုကို နမူနာယူ၍ စက်ရုံ/အလုပ်ရုံများ ပြန်လည်ပြုပြင်ခြင်း၊ အသစ်ပြန်လည်တည်ဆောက်ခြင်းလုပ်ငန်းများ ဆောင်ရွက်ရာတွင် သတ်မှတ်ထားသည့် စံချိန်စံညွှန်းများအတိုင်း တိတိကျကျ လိုက်နာဆောင်ရွက်သွားကြရန် တိုက်တွန်းပြောကြားလိုကြောင်း၊ အချို့စက်ရုံများ၏ စက်ပစ္စည်းနှင့် ယန္တရားများမှာ ကြီးမားလေးလံသည့် ပစ္စည်းများဖြစ်သည့်အတွက် လုပ်သားဝန်ထမ်းများအတွက် အန္တရာယ်မဖြစ်စေရေး အထူးဂရုပြုပြီး ဆောင်ရွက်ကြစေလိုကြောင်း၊ စက်မှုဇုန်/ စက်ရုံများအလိုက် သဘာဝဘေးအန္တရာယ်များ၊ အရေးပေါ်အခြေအနေများ ဖြစ်ပေါ်လာပါက ဝန်ထမ်းတစ်ဦးချင်းအလိုက် လိုက်နာဆောင်ရွက်ရမည့် အစီအမံများကို ကြိုတင်ဇာတ်တိုက် လေ့ကျင့်သွားကြရန် လိုကြောင်း လမ်းညွှန်မှာကြားသည်။

ဆက်လက်၍ မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ်က အင်အားပြင်းငလျင်လှုပ်ခတ်မှုကြောင့် ထိခိုက်ပျက်စီးဆုံးရှုံးမှုများနှင့်ပတ်သက်၍ ကူညီကယ်ဆယ်ရေးလုပ်ငန်းများဆောင်ရွက်ခြင်း၊ ထိခိုက်ပျက်စီးမှုများကို ရှင်းလင်းဖယ်ရှားခြင်း၊ ပြန်လည်ထူထောင်ရေးလုပ်ငန်း များဆောင်ရွက်ခြင်းတို့ကို အဆင့်လိုက်ဆောင်ရွက်လျက်ရှိကြောင်း၊ စက်မှုဇုန်အတွင်း ထိခိုက်ပျက်စီးမှုများအတွက် လိုအပ်သည်များကို တတ်စွမ်းသရွေ့ ကူညီဖြည့်ဆည်း ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် မန္တလေးစက်မှုဇုန်ဥက္ကဋ္ဌမှ ငလျင်ဒဏ်ကြောင့် စက်ရုံများပျက်စီးဆုံးရှုံးမှု အခြေအနေများကိုလည်းကောင်း၊ လုပ်ငန်းရှင်များက စက်ရုံများ ထိခိုက်ပျက်စီးခဲ့မှု၊ လက်ရှိလုပ်ငန်းဆောင်ရွက်နေမှုနှင့် လတ်တလောလိုအပ်ချက်များကို တင်ပြရာ ပြည်ထောင်စုဝန်ကြီးက လိုအပ်သည်များပေါင်းစပ်ညှိနှိုင်းဖြေရှင်းဆောင်ရွက်ပေးပြီး စက်မှုဇုန်အတွင်း ငလျင်ဒဏ်ကြောင့်စက်ရုံ/အဆောက်အအုံများ ထိခိုက်ပျက်စီးမှုအခြေအနေများကို မော်တော်ယာဉ်ဖြင့် လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် ဆပ်ပြာစက်ရုံ(မန္တလေး)သို့ ရောက်ရှိရာ အင်အားပြင်းငလျင်လှုပ်ခတ်မှုကြောင့် စက်ပစ္စည်း၊ အဆောက်အအုံများ ထိခိုက်ပျက်စီးမှုအခြေအနေတို့ကို ကြည့်ရှုစစ်ဆေးပြီး ထိခိုက်ပျက်စီးခဲ့သည့် စက်ပစ္စည်းများအား အမြန်ဆုံးပြင်ဆင်လည်ပတ်နိုင်ရေး စီမံဆောင်ရွက်သွားရန်၊ အဆောက်အအုံများအား ပြန်လည်ပြုပြင်အသုံးပြုနိုင်မည့်အခြေအနေနှင့် ဖြိုချဖျက်ဆီး၍ အသစ်ပြန်လည်တည်ဆောက်ရမည့်အခြေအနေတို့ကို ပြုစုတင်ပြရန်၊ အန္တရာယ်ဖြစ်စေနိုင်သည့် အဆောက်အအုံနေရာများတွင် သတိပေးဆိုင်းဘုတ်များ ချိတ်ဆွဲထားရန်တို့ကို တာဝန်ရှိသူများအား လမ်းညွှန်မှာကြားပြီး ဝန်ထမ်းမိသားစုများနှင့် ရင်းရင်းနှီးနှီးတွေ့ဆုံအားပေးစကားပြောကြားကာ အခက်အခဲတင်ပြမှုများအပေါ် ကူညီဖြေရှင်းဆောင်ရွက်ပေးသည်။

ထို့နောက် မန္တလေးတိုင်းဒေသကြီး စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာနမှူးရုံးသို့ ရောက်ရှိပြီး ဦးစီးဌာနမှူးနှင့် ဝန်ထမ်းများအားတွေ့ဆုံ၍ အင်အားပြင်းငလျင်လှုပ်ခတ်မှုကြောင့် ထိခိုက်ပျက်စီးမှုများနှင့်ပတ်သက်၍ မန္တလေးစက်မှုဇုန် ပြန်လည်တည်ဆောက်ရာတွင် သိရှိလိုက်နာဆောင်ရွက်ရမည့် လုပ်ငန်းစဉ်အဆင့်ဆင့်နှင့် လုပ်ငန်းတာဝန်များ၊ အဆောက်အအုံများပြုပြင်ခြင်းနှင့် အသစ်ဆောက်လုပ်ခြင်းများတွင် ငလျင်ဒဏ်ခံနိုင်ရေး သတ်မှတ်ညွှန်ကြားချက်များကို အသိပညာပေးပြောကြားပြီး ဝန်ထမ်းများ၏ အခက်အခဲတင်ပြမှုများအပေါ် ကူညီဖြေရှင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

သတင်းစဉ်

# မြန်မာ-တရုတ် ကျဲ့ကျန်းကုန်သည်ကြီးများအသင်းက ရမည်းသင်းခရိုင်အတွင်းရှိ ငလျင်ဘေးသင့်ပြည်သူများအား စားသောက်ကုန်များ ပေးအပ်လှူဒါန်း

ရန်ကုန် ဧပြီ ၇

မြန်မာ-တရုတ် ကျဲ့ကျန်းကုန်သည်ကြီးများအသင်းက မန္တလေးတိုင်းဒေသကြီး ရမည်းသင်းခရိုင်အတွင်းရှိ ငလျင်ဘေးသင့် ပြည်သူများအား စားသောက်ကုန်များပေးအပ်လှူဒါန်းပွဲကို ရမည်းသင်းမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန သင်းရတနာခန်းမ၌ ဧပြီ ၆ ရက်မွန်းလွဲပိုင်းက ပြုလုပ်သည်။

အခမ်းအနားတွင် ရမည်းသင်းခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အုပ်ချုပ်ရေးမှူးဦးစိန်မြင့်က လှူဒါန်းမှုအတွက် ကျေးဇူးတင်စကား ပြောကြားပြီး မြန်မာ-တရုတ် ကျဲ့ကျန်းကုန်သည်ကြီးများ အသင်းဥက္ကဋ္ဌ Mr.Tu Guoding က လှူဒါန်းရခြင်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

## ပေးအပ်လှူဒါန်း

ထို့နောက် မြန်မာ-တရုတ် ကျဲ့ကျန်းကုန်သည်ကြီးများအသင်း ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက ငလျင်ဘေးသင့်ပြည်သူများအတွက် ထောက်ပံ့ပစ္စည်းများကို ပေးအပ်လှူဒါန်းကြရာ ရမည်းသင်းခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အုပ်ချုပ်ရေးမှူးနှင့် တာဝန်ရှိသူများက လက်ခံရယူကြသည်။

ထိုသို့ လှူဒါန်းရာတွင် ရမည်းသင်းခရိုင်အတွင်းရှိ ငလျင်ဘေးသင့် အိမ်ထောင်စု ၁၀၀၀ တို့အား အိမ်ထောင်စုတစ်စုလျှင် ဆန်ခြောက်ပြည်ဆီ ၅၀ သား၊ ခေါက်ဆွဲခြောက်တစ်ဖာ၊ ရေသန့်တစ်လီတာ တစ်ကတ်၊ ကျား/မဝတ် အင်္ကျီ ၁၀ ထည်နှင့် နှာခေါင်းစည်း ၁၀ ခု တို့ကို ပေးအပ်လှူဒါန်းခဲ့သည်။

ထို့ပြင် ပိုးသတ်ဆေးဖျန်းပုံး ၁၀ ပုံးကိုလည်း လှူဒါန်းခဲ့ကြောင်း၊ ယနေ့ လှူဒါန်းမှုမှာ စုစုပေါင်းတန်ဖိုးငွေကျပ် ၉၂၈၀၀၀၀၀ ဖြစ်ကြောင်း သိရသည်။



ကိုဌေး

# ရေတာရှည်မြို့နယ်၌ ငလျင်လှုပ်ခတ်ခဲ့သည့် နေရာများ၌ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ကွင်းဆင်းဆောင်ရွက်

ရေတာရှည် ဧပြီ ၇

ပဲခူးတိုင်းဒေသကြီး ရေတာရှည်မြို့နယ်၌ မတ် ၂၈ရက်က အင်အားပြင်းငလျင် လှုပ်ခတ်ခဲ့သည့် ရပ်ကွက်နှင့် ကျေးရွာများတွင် ကျန်းမာရေးဝန်ကြီးဌာန၏ လမ်းညွှန်မှုဖြင့် မြို့နယ် ပြည်သူ့ကျန်းမာရေးနှင့် ကုသရေးဦးစီးဌာနမှ မြို့နယ်ဆရာဝန်ကြီးနှင့် ဝန်ထမ်းများက ကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းများကို ဆောင်ရွက်ခဲ့သည်။



ထိုသို့ဆောင်ရွက်ရာတွင် ဧပြီ ၆ ရက် နံနက်ပိုင်းက (၃)ရပ်ကွက် စံပြလမ်းရှိ နေအိမ် များသို့ ကွင်းဆင်း ဆောင်ရွက်ပေးခဲ့ပြီး ရေတွင်း၊ ရေကန်များကို ကလိုရင်းခတ်ခြင်း၊ သွေးလွန်တုပ်ကွေးကာကွယ်ရန်အတွက် အဘိတ်ဆေးခတ်ခြင်း၊ ဝမ်းလျှောဝမ်းပျက်ရောဂါများအတွက် ကြိုတင်ကာကွယ်ခြင်းများကို ဆောင်ရွက်ပေးခဲ့ကာ လိုအပ်သည့် ဆေးကုသပေးခြင်းများကိုလည်း ဆောင်ရွက်ပေးခဲ့သည်။

ထိုသို့ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများကို ဧပြီ ၅ ရက်မှစတင်၍ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

# တပ်ကုန်းမြို့နယ်၌ လက်နှိပ်ရေတွင်းများ ပြန်လည်တူးဖော်ပေး

တပ်ကုန်း ဧပြီ ၇

ပြည်ထောင်စု နယ်မြေ နေပြည်တော်တပ်ကုန်းမြို့နယ် မြောက်မြိုက်ကျေးရွာ၌ ငလျင်ဒဏ်သင့် ပြည်သူများအတွက် ယမန်နေ့တွင် အလှူရှင်များက စားသောက်ကုန် ပစ္စည်းများ၊ သောက်သုံးရေများ လာရောက်လှူဒါန်းခြင်းနှင့် လက်နှိပ်ရေတွင်းများ တူးဖော်ဆောင်ရွက်ပေးကြသည်။



## လှူဒါန်း

ယင်းသို့လှူဒါန်းရာတွင် EVER SUNNY Industral ကုမ္ပဏီက ဆန်းဒေး၊ ပလက်တီနမ် ကော်ဖီမစ်ထုပ်ကြီး၊ ခေါက်ဆွဲခြောက်ထုပ်ကြီး၊ ရှမ်းကြီး (ဂျင်း၊ လက်ဖက်၊ ပဲကြော်)စုံထုပ်၊ ဘီစကွတ်ထုပ်၊ ဓာတ်ဆားထုပ်၊ ဆေးပစ္စည်း ခုနစ်မျိုးပါအိတ် ၁၆၀၊ ရေသန့်ခြောက်ဘူးပါကတ် ၁၆၀၊ ကိုရဲမင်း မိသားစုက တစ်အိမ်ထောင်လျှင် ငွေကျပ်တစ်သိန်းနှုန်းဖြင့် ၂၇သိန်း၊ ဦးသိန်းသန်းအောင် ဦးဆောင်၍ နိုကူနိယ စာအုပ်စတိုးများ (ဒူဘိုင်းအခြေစိုက်)နှင့် ဆာယာကရဏာအဖွဲ့၊ ဓမ္မရောင်ခြည်အဖွဲ့တို့က တစ်အိမ်ထောင်လျှင် တစ်သိန်းနှုန်းဖြင့် ငွေကျပ် သိန်း ၇၀၊ ပေ ၁၀၀ အနက်ရှိ လက်နှိပ်ရေတွင်းခြောက်တွင်းတို့ကို လှူထားတူးဖော်လှူဒါန်းခဲ့ကြောင်း သိရသည်။

တင်စိုးလွင်

## ငလျင်ဘေးသင့်ဒေသပြည်သူများသို့ ရှာဖွေကယ်ဆယ်ရေးနှင့် ထောက်ပံ့ရေးလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိ

နေပြည်တော် ဧပြီ ၇

မြန်မာနိုင်ငံတွင် မတ် ၂၈ ရက်က လှုပ်ခတ်ခဲ့သော အင်အားအလွန်ပြင်းထန်သည့် ငလျင်ဒဏ်ကို ပြင်းထန်စွာခံစားခဲ့ရသည့် တိုင်းဒေသကြီး/ပြည်နယ် ခြောက်ခုတွင် ဧပြီ ၇ ရက်အထိ သေဆုံးသူ ၃၅၅၀၊ ထိခိုက်ဒဏ်ရာရရှိသူ ၄၈၁၄ ဦးနှင့် ပျောက်ဆုံးသူ ၁၆၀ ရှိကြောင်း သိရသည်။

မြန်မာနိုင်ငံ မီးသတ်တပ်ဖွဲ့နှင့် ပြည်တွင်း၊ ပြည်ပမှ ရှာဖွေကယ်ဆယ်ရေးအဖွဲ့ဝင်များသည် လိုအပ်သည့်ဒေသများသို့ အချိန်နှင့်တစ်ပြေးညီ ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိပြီး အဆောက်အအုံများအတွင်း ပိတ်မိနေသူများအား ရှာဖွေကယ်ဆယ်ခဲ့ရာ ယနေ့အထိ အသက်ရှင်သူ ၆၅၃ ဦးကို ရှာဖွေကယ်ဆယ်ပေးနိုင်ခဲ့ပြီး သေဆုံးသူ ၇၀၀ အား ရှာဖွေပေးနိုင်ခဲ့သည်။

ဘေးသင့်ပြည်သူများသို့ ပြည်တွင်း၊ ပြည်ပမှ စေတနာရှင်အလှူရှင်များက ငွေနှင့် အလှူပစ္စည်းများ ထောက်ပံ့လှူဒါန်းလျက်ရှိရာ ယနေ့တွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်နှင့် နေပြည်တော်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ တရုတ်နိုင်ငံနှင့် မလေးရှားနိုင်ငံတို့မှ လေယာဉ် ငါးစင်းတို့ဖြင့် ထောက်ပံ့ရေးပစ္စည်း စုစုပေါင်းတန်ချိန် ၄၇ ဒသမ ၄၁ တန် ဆိုက်ရောက်ခဲ့သည်။

ပြည်တွင်း၊ ပြည်ပအလှူရှင်များ၏ ထောက်ပံ့ရေးပစ္စည်းများကို ဘေးသင့်ပြည်သူများလက်ဝယ်အရောက် အမြန်ဆုံး ထောက်ပံ့ပေးအပ်နိုင်ရေး စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

သတင်းစဉ်

## အထူးဝမ်းနည်းကြောင်းနှင့် စာနာထောက်ထားကြောင်း ထုတ်ပြန်ခြင်း

၂၀၂၅ ခုနှစ်၊ မတ်လ ၂၈ ရက်နေ့တွင် မန္တလေးမြို့၏ အရှေ့မြောက်ဘက် ၁၂ ကီလိုမီတာခန့် ကွာဝေးသောနေရာကို ဗဟိုပြု၍ မြန်မာနိုင်ငံအတွင်း လှုပ်ခတ်သွားသည့် အင်အားပြင်းငလျင်ကြောင့် အသက်ဆုံးရှုံးမှုများနှင့် ပျက်စီးဆုံးရှုံးခဲ့ရမှုများအတွက် စာနာနားလည်မှုများနှင့်အတူ ထပ်တူခံစားလျက် မွန်းဝန်းဗမာတိုင်းရင်းသားယဉ်ကျေးမှုအဖွဲ့ချုပ်မှ အထူးဝမ်းနည်းခြင်းဖြစ်ရပြီး ဆုံးရှုံးနစ်နာမှုများအပေါ် စာနာထောက်ထားရပါကြောင်းနှင့် ငလျင်ဘေးဒဏ်သင့် ပြည်သူလူထုအတွက် ပြန်လည်ထူထောင်ရေးလုပ်ငန်းများတွင် မိမိတို့ မွန်းဝန်းဗမာတိုင်းရင်းသားယဉ်ကျေးမှုအဖွဲ့ချုပ်မှ တတ်အားသရွေ့ ပူးပေါင်းပါဝင်ကူညီဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ထုတ်ပြန်အပ်ပါသည်။

မွန်းဝန်းဗမာတိုင်းရင်းသားယဉ်ကျေးမှုအဖွဲ့ချုပ်
၂၀၂၅ ခုနှစ်၊ ဧပြီလ ၇ ရက်

## ပြည်ထောင်စုဝန်ကြီး ဦးတင်ဦးလွင် ဝန်ထမ်းများ ယာယီနေထိုင်လျက်ရှိသည့်နေရာများသို့ သွားရောက်ကြည့်ရှုစစ်ဆေး၊ ထောက်ပံ့ငွေနှင့်ပစ္စည်းများပေးအပ်

နေပြည်တော် ဧပြီ ၇

သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်ဦးလွင်သည် ဒုတိယဝန်ကြီးဒေါ်နုမြခဲ၊ အမြဲတမ်းအတွင်းဝန် ဦးမြင့်ဦး၊ ညွှန်ကြားရေးမှူးချုပ်များ၊ တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းတွင် ဒက္ခိဏသီရိမြို့နယ် ရန်အောင်မြင်ရွှေလက်လှဘုရားသို့ ရောက်ရှိ၍ ပန်း၊ ရေချမ်း၊ ဆီမီးများ ကပ်လှူကာ စေတီတော်မြတ်၏ ထီးတော်တိမ်းစောင်းနေမှု၊ ငှက်မြတ်နားတော် ကျိုးကျမှု၊ စိန်ဖူးတော်မြေခပျက်စီးမှု၊ အရန်စေတီတော် နှစ်ဆူတွင် ငှက်ပျောဖူးပြိုကျ၍ ထီးတော်မြေခပျက်စီးမှု၊ လုံးတော်ကွဲအက်မှုများကို ကြည့်ရှုစစ်ဆေး၍ စေတီတော်ဂေါပကအဖွဲ့အား စေတီတော်ပျက်စီးမှုများကို မူလပုံစံမပျက် ပြန်လည်ပြင်ဆင်ရေး၊ ထီးတော်နှင့် စိန်ဖူးတော်များ ပျက်စီးမှုကို စနစ်တကျပြုပြင်ထိန်းသိမ်း၍ ထီးတော်တင်လှူပူဇော်နိုင်ရေး စေတီတော်ဩဝါဒါစရိယဆရာတော်ကြီးများထံ ဩဝါဒခံယူပြီး ကျွမ်းကျင်ပညာရှင်များဖြင့် စနစ်တကျဆောင်ရွက်သွားရန် မှာကြားသည်။



ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ငလျင်ဒဏ်သင့် သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနမှ ဝန်ထမ်းများနှင့်မိသားစုများ ယာယီပြောင်းရွှေ့နေထိုင်လျက်ရှိသည့် နေပြည်တော် ဒက္ခိဏသီရိမြို့နယ် ရန်အောင်မြင်ရွှေလက်လှဘုရား ဦးခန္တီတန်ဆောင်းသို့ ရောက်ရှိပြီး ဝန်ထမ်းတစ်ဦးလျှင် ငွေကျပ် တစ်သိန်းစီ၊ စားသုံးဆီ တစ်ပိဿာ၊ ဆန် ခြောက်ပြည်အိတ် တစ်အိတ်တို့ကို ထောက်ပံ့ပေးအပ်၍ မဟာငလျင်ကာကွယ်ဂါထာများ ပေးအပ်ပြီး ဝန်ထမ်းများအား တွေ့ဆုံအားပေးစကား ပြောကြားသည်။ ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် ဒက္ခိဏသီရိမြို့နယ် ကူနှစ်လုံးဆယ်စုကျေးရွာ ရတနာမာန်အောင် ဘုန်းတော်ကြီးသင် ပညာရေးကျောင်းဆရာတော် ဘဒ္ဒန္တဇာဂရနှင့် ဒါယကာ ဒါယိကာမများက ထမင်းနှင့် ဟင်းလျာများ လာရောက်လှူဒါန်းမှုကို ဝန်ထမ်းများနှင့်အတူ လက်ခံ၍ ကျေးဇူးတင်ဝမ်းမြောက်ကြောင်း ရင်းရင်းနှီးနှီးပြောကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ငလျင်ဒဏ်သင့် သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနမှ ဝန်ထမ်းများနှင့်မိသားစုများ ယာယီပြောင်းရွှေ့နေထိုင်လျက်ရှိသည့် ပုဗ္ဗသီရိမြို့နယ် ဥပ္ပါတသန္တိစေတီတော် တပေါင်းကွင်းရှိ ခနုဓမ္မာရုံသို့ ရောက်ရှိပြီး ဝန်ထမ်းတစ်ဦးလျှင် ငွေကျပ် တစ်သိန်းစီ၊ စားသုံးဆီ တစ်ပိဿာ၊ ဆန် ခြောက်ပြည်အိတ် တစ်အိတ်တို့ကို ထောက်ပံ့ပေးအပ်၍ မဟာငလျင်ကာကွယ်ဂါထာများ ပေးအပ်ပြီး ဝန်ထမ်းများအား တွေ့ဆုံအားပေးစကားပြောကြားသည်။ ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် ရန်ကုန်တိုင်းဒေသကြီး ကျောက်တန်းမြို့မှ ဦးမင်းမင်းဦး ဦးဆောင်သော ပေးဆပ်သူတို့နှလုံးသား သွေးလှူရှင်အသင်းက ရေသန့်၊ ခေါက်ဆွဲခြောက်၊ ပေါင်မုန့်နှင့် ဆေးစိမ်ခြင်ထောင်များ လာရောက်လှူဒါန်းမှုကို ဝန်ထမ်းများနှင့်အတူ လက်ခံ၍ ကျေးဇူးတင်ဝမ်းမြောက်ကြောင်း ရင်းရင်းနှီးနှီးပြောကြားသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ငလျင်ဒဏ်သင့် သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာနမှ ဝန်ထမ်းများနှင့်မိသားစုများ ယာယီပြောင်းရွှေ့နေထိုင်လျက်ရှိသည့် ပုဗ္ဗသီရိမြို့နယ် မရှိခဏဘုန်းတော်ကြီးကျောင်းသို့ ရောက်ရှိပြီး ဝန်ထမ်းတစ်ဦးလျှင် ငွေကျပ် တစ်သိန်းစီ၊ စားသုံးဆီ တစ်ပိဿာ၊ ဆန် ခြောက်ပြည်အိတ် တစ်အိတ်တို့ကို ထောက်ပံ့ပေးအပ်ပြီး ဝန်ထမ်းများအား တွေ့ဆုံအားပေးစကား ပြောကြားသည်။

ပြည်ထောင်စုဝန်ကြီးသည် ငလျင်ဒဏ်ကြောင့် ယာယီပြောင်းရွှေ့နေထိုင်လျက်ရှိသည့် နေရာများတွင် ဝန်ထမ်းမိသားစုများ နေရာချထားမှု၊ သောက်သုံးရေ စီစဉ်ဆောင်ရွက်ထားမှု၊ သန့်စင်ခန်းများ စီစဉ်ထားမှုများကို ကြည့်ရှုစစ်ဆေးပြီး စုစုပေါင်းငွေကျပ်သိန်း ၁၄၀၀၊ စားသုံးဆီ ပိဿာ ၁၄၀၀ တို့ကို ထောက်ပံ့ပေးအပ်၍ ဝန်ထမ်းမိသားစုများ ရေသုံးစွဲမှုအဆင်ပြေစေရန် ဂါလန် ၂၀၀၀ ဆံ့ အုတ်ရေကန်များ တည်ဆောက်ပေးသွားရန် မှာကြားသည်။

ပြည်ထောင်စုဝန်ကြီးသည် ပြောင်းရွှေ့နေထိုင်မည့် ဝန်ထမ်းမိသားစုများအား တွေ့ဆုံရာတွင် သာသနာ့နယ်မြေအတွင်းနေထိုင်ခြင်းဖြစ်၍ သန့်ရှင်းရေးကို ကုသိုလ်စိတ်ထားပြီး ဂရုပြုဆောင်ရွက်ကြရန်၊ ရဟန်းသံဃာတော်များ၏ ဝေယျာဝစ္စကိစ္စကို တတ်နိုင်သမျှ ကုသိုလ်ယူဆောင်ရွက်ကြရန်၊ စုစည်းနေထိုင်ခြင်းဖြစ်၍ တစ်ကိုယ်ရေကျန်းမာရေး ဂရုစိုက်နေထိုင်ကြရန်နှင့် သဘာဝဘေးအန္တရာယ်ကို ကြံ့ကြံ့ခံရင်ဆိုင်ကျော်လွှားသွားကြရန် မှာကြားခဲ့ကြောင်း သိရသည်။

သတင်းစဉ်

## သာစည်-ရွှေညောင်လမ်းပိုင်းတွင် ငလျင်ဒဏ်ကြောင့် ရထားလမ်းပိုင်းနေရာအချို့ ပျက်စီးမှုများ အမြန်ဆုံးပြင်ဆင်ပြီး ရထားခရီးစဉ်ပြန်လည်ပြေးဆွဲ

နေပြည်တော် ဧပြီ ၇

မတ် ၂၈ ရက်တွင် ဖြစ်ပွားခဲ့သော ပြင်းထန်ငလျင်ဒဏ်ကြောင့် သာစည်-ရွှေညောင် ရထားလမ်းပိုင်းရှိ အချို့နေရာများ၌ ပြိုကျပျက်စီးမှုများ ဖြစ်ပွားခဲ့သဖြင့် ရထားပြေးဆွဲမှုများကို ယာယီရပ်နားခဲ့ရသည်။

**ပျက်စီး၊ ပိတ်ဆို့ခြင်းများ ဖြစ်ပေါ်**

အဆိုပါ ငလျင်ဒဏ်ကြောင့် ပျက်စီးမှုများအနက် အဓိကအားဖြင့် ဘုရားငါးဆူဘူတာနှင့် ယင်းမာပင်ဘူတာကြား မိုင်တိုင် ၃၁၉/၁၈-၂၀၊ ၃၁၉/၁၆-၁၇၊ ၃၂၅/၁၈-၁၉၊ ၃၂၇/၉-၁၀ နေရာများ၊ လယ်ပြင်ဘူတာနှင့် လွန်းထိုးဘူတာအကြား မိုင်တိုင် ၃၄၅/၁၂-၁၃၊ ၃၄၅/၁၅-၁၆ နေရာများ၊ လွန်းထိုးဘူတာနှင့် ခွေးရုပ်ဘူတာအကြား မိုင်တိုင် ၃၄၈/၁၆-၁၇ နေရာများတွင် တောင်စောင်းနေရာများမှ ကျောက်တုံးကြီးများ ပြိုကျခြင်း၊ တောင်ပြိုမြေများ ဖုံးလွှမ်းခြင်း၊ သစ်ပင်ကြီးများ လဲကျခြင်း၊ သံလမ်းပေါ်သို့ ကျောက်တုံးကြီးများ ပြိုကျခြင်းတို့ကြောင့် သံလမ်းများ တွန့်လိမ်ပြတ်ထွက်ခြင်း၊ ရထားလမ်းပျက်စီး၊ ပိတ်ဆို့ခြင်းများ ဖြစ်ပေါ်ခဲ့သည်။

ထိုသို့ ရထားလမ်းပျက်စီးမှုများကြောင့် သာစည်-ရွှေညောင်-တောင်ကြီး လူစီးရထားခရီးစဉ်များကို ယာယီရပ်တန့်ခဲ့ရသည်။ မြန်မာ့မီးရထားမှ တာဝန်ရှိသူများက အဆိုပါပျက်စီးသည့်နေရာများသို့ မတ် ၂၉ ရက်မှစ၍ လိုက်လံစစ်ဆေးခဲ့ပြီး လုပ်သားအင်အား ၁၀၀၊ စက်ယန္တရား(Backhoe) သုံးစီးတို့ အသုံးပြု၍ ပိတ်ဆို့နေသည့် ကျောက်တုံးများနှင့် တောင်ပြိုမြေများကို ဖယ်ရှားရှင်းလင်းခြင်း၊ သံလမ်းပြတ်ထွက်၊ ပျက်စီးမှုများကို သံလမ်းအသစ်ဖြင့် အစားထိုးလဲလှယ်ခြင်းလုပ်ငန်းများကို အချိန်နှင့်တစ်ပြေးညီ ဆောင်ရွက်နိုင်ခဲ့သဖြင့် ဧပြီ ၂ ရက်တွင် ရထားလမ်းပိုင်းအား ပြန်လည်ဖွင့်လှစ်ပေးနိုင်ခဲ့ပြီး ဧပြီ ၄ ရက်မှစ၍ လူစီးရထားများ သတ်မှတ်အချိန်ဇယားအတိုင်း ပြန်လည်ပြေးဆွဲပေးလျက်ရှိသည်။




ထို့အတူ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေး ဝန်ကြီးဌာန မြန်မာ့မီးရထားအနေဖြင့် ပြည်သူများ ခရီးသွားလာမှု လွယ်ကူအဆင်ပြေစေရေးနှင့် ကုန်စည်စီးဆင်းမှု မြန်ဆန်စေရေးအတွက် လူစီးရထားနှင့် ကုန်ရထားများ ပြေးဆွဲခြင်းကို စီစဉ်ဆောင်ရွက်ပေးလျက်ရှိရာ အဓိက ရထားလမ်းပိုင်းများဖြစ်သည့် ရန်ကုန်-မန္တလေးလမ်းပိုင်း၊ ရန်ကုန်-ပြည်လမ်းပိုင်း၊ ရန်ကုန်-မော်လမြိုင်လမ်းပိုင်း၊ ပုသိမ်-ကြံခင်းလမ်းပိုင်းနှင့် ရန်ကုန်မြို့ပတ်၊ ဆင်ခြေဖုံးလမ်းပိုင်းများတွင် သာမက ရန်ကုန်-မန္တလေး ရထားလမ်းမကြီးနှင့် ချိတ်ဆက်ထားသည့်အခြားလမ်းပိုင်းများတွင်လည်း ရထားများပုံမှန်အတိုင်းပြေးဆွဲပေးလျက်ရှိကြောင်း သိရသည်။ **သတင်းစဉ်**

## လျှင်ဒဏ်သင့်ဒေသများ၌ မီးသတ်ဦးစီးဌာနမှ ရေကားများကူညီပေးမှုအတွက် ငွေတောင်းခံခြင်းမရှိ၊ ငွေတောင်းခံပါက တိုင်ကြားနိုင်

နေပြည်တော် ဧပြီ ၇

၂၈-၃-၂၀၂၅ ရက်က လှုပ်ခတ်ခဲ့သော မန္တလေး မြေငလျင်ကြီးကြောင့် ထိခိုက်ပျက်စီးမှုများရှိခဲ့သည့် နေပြည်တော်ကောင်စီနယ်မြေအတွင်း လျှပ်စစ်မီးလိုင်းများ၊ ဆက်သွယ်ရေးစခန်းများ အလျင်အမြန် ပြင်ဆင်ပြီးစီးခဲ့သော်လည်း ရေပိုက်လိုင်းများ ချွတ်ယွင်းပျက်စီးမှုကြောင့် ပြင်ဆင်နေဆဲဖြစ်ရာ ရေပေးဝေရေးလုပ်ငန်းများ မလုပ်ကိုင်နိုင်သေးသည့်အတွက် အိမ်ရာများတွင် ရေအခက်အခဲများရှိနေရာ မီးသတ်ကားများကို အကူအညီတောင်းခံ၍ ရေရရှိရေး ဆောင်ရွက်ရသည်။

### တိုင်ကြားနိုင်

သို့ရာတွင် မီးသတ်ရေကားတစ်စီးလျှင် ငွေကျပ်တစ်သိန်းမှ တစ်သိန်းခွဲအထိ ပေးရကြောင်း အွန်လိုင်းတွင် သတင်းများထွက်ပေါ်လာသည့်အတွက် နေပြည်တော် မီးသတ်ဦးစီးဌာနရုံးချုပ်မှ ညွှန်ကြားရေးမှူးတစ်ဦးအား မြန်မာ့သတင်းစဉ်က ဆက်သွယ်မေးမြန်းရာ "ကျွန်တော်တို့ဆီ ရေကားတောင်းခံလာတာနဲ့ ကျွန်တော်တို့က စနစ်တကျ မှတ်ပုံတင်ပြီး ရေကားစေလွှတ်ကူညီပေးပါတယ်။ လူတစ်ဦးချင်း တောင်းခံတာကို မှတ်ပုံတင်ထားတာ ရှိပါတယ်။ ငွေတောင်းခံတာ မရှိပါဘူး။ တကယ်လို့ တောင်းခံတယ်ဆိုရင် ကျွန်တော်တို့ဆီ တိုင်ကြားနိုင်ပါတယ်။ အခုအချိန်အထိ တိုင်ကြားခြင်းမရှိသေးပါဘူး။ နေပြည်တော်မှာ ကျွန်တော်တို့ကားတွေနဲ့တူတဲ့ အခြားသော ဌာနပိုင်ကားတွေလည်း ရှိပါတယ်။ အဲဒီကားတွေနဲ့မှားပြီး ထင်ယောင်ထင်မှား ပြောတာလားလို့ တွေးမိပါတယ်။ အဲဒီကားတွေက ရေပေးဖို့သွားရင်းနားမလည်တော့ တစ်ခါတစ်ရံမှာ ဥပြဲဆွဲပြီးတောင် လမ်းတောင်းသွားလာနေတာ တွေ့ရလို့ တိုင်ကြားထားပါတယ်။ သူတို့အနေနဲ့လည်း တောင်းခံတယ်လို့ ကျွန်တော်တော့ မကြားမိပါဘူး။ တကယ်လို့ ကျွန်တော်တို့ မီးသတ်ဦးစီးဌာနပိုင် ရေကားတွေက ရေကားနဲ့ရေပို့ပေးလို့ ငွေတောင်းခံတာတွေ့ရင် တိုင်ကြားနိုင်ပါတယ်လို့ ပြောလိုပါတယ်"ဟု ပြောကြားသည်။

### ကူညီဆောင်ရွက်မည်

အလားတူ မန္တလေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး တို့အပါအဝင် ငလျင်ဒဏ်ကြောင့် ရေအခက်အခဲဖြစ်ပေါ်ပါက မီးသတ်ဦးစီးဌာနများသို့ အကူအညီတောင်းခံနိုင်ကြောင်း၊ မိမိတို့၏ အဓိကတာဝန်ဖြစ်သော မီးလောင်ပါက ငြိမ်းသတ်ရန် အသင့်အနေအထားဖြင့် အသင့်စုဖွဲ့ထားသော ကားများကို သီးခြားထားရှိပြီး ငလျင်ဒဏ်မသင့်သော တိုင်းဒေသကြီး/ပြည်နယ်များမှ ရေကားများကို တောင်းခံဖြန့်ခွဲပေးထားရာ အဆိုပါကားများဖြင့် ရေပေးဝေရေးလုပ်ငန်းများကို ကူညီဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

## မြန်မာနိုင်ငံရဲတပ်ဖွဲ့က လှည့်ကင်းများ၊ ကင်းပုန်းများဖြင့် လုံခြုံရေး ဆောင်ရွက်ပေးလျက်ရှိ လုယက်မှု၊ ဓားပြတိုက်မှုများ ဖြစ်ပေါ်ပါက နီးစပ်ရာစခန်းများသို့ တိုင်ကြားနိုင်

နေပြည်တော် ဧပြီ ၇

၂၈-၃-၂၀၂၅ ရက်နေ့က လှုပ်ခတ်ခဲ့သော မန္တလေးမြေငလျင်ကြီးကြောင့် ပျက်စီးမှုများရှိခဲ့သည့် နေပြည်တော်ကောင်စီနယ်မြေအတွင်း နံနက်တစ်ချိန်၊ နေ့လယ်တစ်ချိန်နှင့် ညပိုင်းတစ်ချိန်တို့တွင် မြန်မာနိုင်ငံရဲတပ်ဖွဲ့က လှည့်ကင်းများဆောင်ရွက်ခြင်း၊ ကင်းပုန်းများချထားခြင်းများဆောင်ရွက်၍ လုံခြုံရေးဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

လူမှုကွန်ရက်အချို့တွင် နေပြည်တော်ရှိအိမ်ရာအချို့နှင့် အပျိုဆောင်အချို့၌ လုယက်မှုများဖြစ်ပေါ်ကြောင်း သတင်းများဖော်ပြသည်ကို တွေ့ရသည်။ သို့ဖြစ်၍ မြန်မာ့သတင်းစဉ်က မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ ရဲမှူးကြီးတစ်ဦးအား လုယက်မှုသတင်းများ မှန်ကန်မှု ရှိ/ မရှိ၊ ကြားသိခြင်း ရှိ/မရှိ မေးမြန်းရာ ၎င်းက "အခုအချိန်ထိ ကျွန်တော်တို့ စခန်းတွေမှာ လာရောက်တိုင်ကြားခြင်း မရှိသေးပါဘူး။ ဒါကြောင့် ဒါက ကောလာဟလလို့ ယူဆပါတယ်။ ကျွန်တော်တို့က နေ့/ည ကင်းတွေမပြတ် လှည့်လည်ပြီး လုံခြုံရေးဆောင်ရွက်ပေးနေပါတယ်။ လုယက်မှုတွေ ကျူးလွန်ခံရရင် တိုင်ကြားနိုင်ဖို့ ကျွန် တော်တို့ ဖုန်းနံပါတ်တွေ ထုတ်ပြန်ပေးဖို့အစီအစဉ်ရှိပါတယ်။ ကျွန်တော်တို့ သွားစစ်တာ တွေ့ရတာက တုတ်/ဓား လက်နက်အချို့ကိုင်ပြီး တိုက်တွေမှာ စောင့်နေတာက ကိုယ့်ဝန်ထမ်းတွေ၊ မိသားစုဝင်တွေဖြစ်ပါတယ်။ သူတို့က မသယ်ယူရသေးတဲ့ ပစ္စည်းတွေရှိနေသေးတော့ အစုအဖွဲ့အလိုက် ကင်းစောင့်နေကြတာပါ။ သူတို့ဆီကလည်း ထူးထူးခြားခြား တိုင်ကြားတာမရှိပါဘူး။ ရဲစခန်းကို တိုက်ရိုက်တိုင်ကြားနိုင်သလို ဖုန်းနဲ့လည်း ဆက်သွယ်တိုင်ကြားနိုင်ပါတယ်။ ဖုန်းနံပါတ်တွေ ထုတ်ပြန်ပေးသွားပါမယ်"ဟု ဖြေကြားသည်။

ဝန်ထမ်းတစ်ဦးဖြစ်သူ ဦးမောင်သင့်က "ကျွန်တော်ကြားသိသလောက်တော့ လူမရှိတဲ့ တိုက်အချို့မှာ ညဘက်တွေ ပစ္စည်းတွေတင်ပြီး မောင်းသွားရင် ဒါက သူခိုးတွေ ဖြစ်ဖို့များပါတယ်။ ကျွန်တော်တို့ ဝန်ထမ်းတွေက ကိုယ့်ပစ္စည်းကိုယ် သယ်ယူရွှေ့ပြောင်းရင် နေ့ဘက်ပဲ သယ်ယူရွှေ့ပြောင်းတာပါ။ ညဘက်တော့မရွှေ့ပြောင်းကြပါဘူး။ ဒါကြောင့် ရဲတပ်ဖွဲ့ဝင်တွေအနေနဲ့ ညသန်းခေါင်ယံလောက် တစ်ချိန် ကင်းလှည့်ပေးစေချင်ပါတယ်။ အဲဒီမှာ တွေ့လို့ စစ်ဆေးမေးမြန်းကြည့်ရင် သူခိုးတွေကို ဖမ်းမိနိုင်မယ်လို့ အကြံပြုလိုပါတယ်"ဟု ပြောသည်။

တာဝန်ရှိသူများက နေပြည်တော်ကောင်စီနယ်မြေအပါအဝင် ငလျင်ဒဏ်သင့်ဒေသများ၌ လုယက်မှုများ၊ ဓားပြတိုက်မှုများ ဖြစ်ပေါ်ပါက နီးစပ်ရာ မြန်မာနိုင်ငံရဲတပ်ဖွဲ့စခန်းများသို့ တိုင်ကြားနိုင်ကြောင်းနှင့် မကြာမီတိုင်ကြားနိုင်သော ဖုန်းနံပါတ်များကို ထုတ်ပြန်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

## ငလျင်ဒဏ်ကြောင့် ပျက်စီးဆုံးရှုံးမှုများ ဖြစ်ပေါ်ခဲ့သည့်ဒေသများ၌ ကူညီကယ်ဆယ်ရေးလုပ်ငန်းများ အင်တိုက်အားတိုက် ဆက်လက်ဆောင်ရွက်လျက်ရှိ



နေပြည်တော် ဧပြီ ၇

မတ် ၂၈ ရက်က လှုပ်ခတ်ခဲ့သော မန္တလေးငလျင်ကြီးကြောင့် လမ်းတံတား၊ အဆောက်အအုံများ ထိခိုက်ပျက်စီးခဲ့ရသည့် နေရာများ၌ ကူညီကယ်ဆယ်ရေးလုပ်ငန်းများကို တိုင်းစစ်ဌာနချုပ်အသီးသီးမှ တပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ ပြည်ပနိုင်ငံများမှ ကူညီ ကယ်ဆယ်ရေးအဖွဲ့များ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ လူမှုကူညီရေး အသင်း/အဖွဲ့များနှင့် ဒေသခံပြည်သူများ ပူးပေါင်း၍ အချိန်နှင့်တစ်ပြေးညီကူညီဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့နံနက်ပိုင်းတွင် စစ်ကိုင်းတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြတ်ကျော်၊ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး သက်ပုံနှင့် တာဝန်ရှိသူများသည် ငလျင်ဒဏ်ကြောင့် ပြိုကျပျက်စီးခဲ့သည့် စစ်ကိုင်းမြို့ တကောင်းရပ်ကွက်ရှိ မဟာစေတီကြီးဘုရားနှင့် အရန်စေတီတော်များ၊ သာသနိကအဆောက်အအုံများ၌ တပ်မတော်သားများနှင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ ပူးပေါင်း၍ အပျက်အစီးများ စုပေါင်းရှင်းလင်းဖယ်ရှားနေမှုများကိုကြည့်ရှု၍ လိုအပ်သည်များ ညှိနှိုင်း ဆောင်ရွက်ပေးပြီး စေတီတော်ကြီး၏ ဩဝါဒါစရိယ ဆရာတော်များ၊ ဂေါပကအဖွဲ့ဝင်များနှင့် တွေ့ဆုံကာ ပြိုကျပျက်စီးခဲ့သည့် စေတီတော်ကြီးနှင့် အရန်စေတီတော်များ၊ သာသနိက အဆောက်အအုံများအား ပြန်လည်ဖယ်ရှား ရှင်းလင်းရေးတို့နှင့် ပတ်သက်၍ လိုအပ်သည်များကို တာဝန်ရှိသူများနှင့် ညှိနှိုင်းဆောင်ရွက်ပေးသည်။

ဆက်လက်၍ တိုင်းဒေသကြီး ဝန်ကြီးချုပ်၊ ဒုတိယဗိုလ်ချုပ်ကြီးနှင့် တာဝန်ရှိသူများသည် ငလျင်လှုပ်ခတ်မှုကြောင့် ဧရာဝတီမြစ်ကူးတံတား (ရတနာပုံ)တံတားကြီးအား ကြံ့ခိုင်မှုများ စစ်ဆေးနေစဉ်ကာလအတွင်း ဖြတ်သန်းသွားလာမှု အဆင်ပြေစေရန် ဆောင်ရွက်ပြီးစီးမှုများ၊ စစ်ကိုင်းမြို့ သစ်ဆိပ်မြစ်ကမ်းမှ မန္တလေးမြို့ ရွှေကြက်ကျမြစ်ကမ်းသို့ ဇက်ကူးတို့ဖြင့် ဖြတ်သန်းမှုများ၊ ငလျင်လှုပ်ခတ်မှုကြောင့် ထိခိုက်ပျက်စီးခဲ့သည့် စစ်ကိုင်းမြို့ တကောင်းရပ်ကွက်ရှိ သစ္စာစေတီ၊ ပန်းဘဲတန်းရပ်ကွက်ရှိ ရတနာဆင်များရှင်စေတီ၊ ပိုးတန်းရပ်ကွက်ရှိ ထူပါရုံစေတီများနှင့် သာသနိက အဆောက်အအုံများ၊ အရန်စေတီများ၊ စစ်ကိုင်းခရိုင်မီးသတ်ဦးစီးဌာနရုံး၊ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်းနှင့် စစ်ကိုင်းမြို့ပေါ်ရှိ လူနေအိမ်တိုက်တာများအား ပြန်လည်ရှင်းလင်းဖယ်ရှား နေမှုများကိုလည်းကောင်း၊ စစ်ကိုင်းမြို့ပေါ်ရှိ ငလျင်ဘေး ဒဏ်သင့်ပြည်သူများ သောက်သုံးရေ အဆင်ပြေစေရန်အတွက် မြန်မာနိုင်ငံကြက်ခြေနီအသင်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးတက်ရေးဦးစီးဌာနရုံးတို့မှ ဧရာဝတီမြစ်ရေကိုသန့်စင်၍ သောက်သုံးရေဖြန့်ဝေပေး နေမှုများကိုလည်းကောင်း ကြည့်ရှု၍ လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးသည်။

အလားတူ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး မျိုးမိုးအောင်နှင့် တာဝန်ရှိသူများသည် ယနေ့နံနက်ပိုင်းက မိတ္ထီလာမြို့ နယ်မြေခံတပ်မတော်ဆေးရုံသို့ သွားရောက်၍ ငလျင်ဒဏ်ကြောင့် ထိခိုက်ဒဏ်ရာရရှိသူများအား သွားရောက်ကြည့်ရှုအားပေးစကားပြောကြားပြီး ထောက်ပံ့ပစ္စည်းများ ပေးအပ်သည်။ ထို့နောက် ငလျင်ဒဏ်ကြောင့် ပြိုကျပျက်စီးခဲ့သော နှစ်ထပ်လူနာဆောင်အားကြည့်ရှု၍ အပျက်အစီးများရှင်းလင်းပြီး အမြန်ဆုံးပြုပြင်ဆောင်ရွက်နိုင်ရေး လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးသည်။

ယင်းနောက် ငလျင်ဒဏ်ကြောင့် ကန်ပေါင် မြေနိမ့်ကျနေသည့် မိတ္ထီလာကန်ပေါင်၌ ပြုပြင်ဆောင်ရွက် နေမှုများကို သွားရောက်ကြည့်ရှုပြီး လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးသည်။

အလားတူ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး မျိုးသန့်နိုင်နှင့် တာဝန်ရှိသူများသည် ကျောက်ဆည်မြို့ အားကစားကွင်း၌ လာအိုနိုင်ငံမှ ဆေးအကူအညီပေးရေးအဖွဲ့၏ ဆေးကုသပေးနေမှုများကို လည်းကောင်း၊ ငလျင်ဒဏ်ကြောင့် ပြိုကျပျက်စီးခဲ့သော ကျောက်ဆည်မြို့ နည်းပညာတက္ကသိုလ်၊ Bright Kids မူကြိုကျောင်း၊ ရွှေမုဋ္ဌောဘုရား၊ ကျောက်ဆည် တက္ကသိုလ်နှင့် ကျောက်ဆည်မြို့တွင်းရှိ ငလျင်ဒဏ်ကြောင့် ပြိုကျပျက်စီးသွားသည့် အဆောက်အအုံများတွင် အပျက်အစီးများ ရှင်းလင်းဖယ်ရှားပြီး ကူညီကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်နေမှုများကိုလည်းကောင်း သွားရောက်ကြည့်ရှု၍ လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးသည်။

အလားတူ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး စိုးတင့်နိုင်၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူးဗိုလ်မှူးချုပ်ကျော်ကိုထိုက်နှင့် တာဝန်ရှိသူများသည် ယနေ့နံနက်ပိုင်းတွင် ငလျင်ဒဏ်သင့်၍ ပြိုကျပျက်စီးခဲ့သော မန္တလေးမြို့ နန်းမြို့ရိုးပတ်လည်၊ နန်းမြို့ရိုးအတွင်းရှိ ဗဟိုစင်နှင့် စွယ်တော်စင်နေရာ၊ Sky Villa ၊ မန္တလေးတက္ကသိုလ်၊ ဂရိတ်ဝေါဟိုတယ်၊ ဦးလှသိန်း ဗိမာန်၊ မစိုးရိမ်တိုက်သစ်နေရာများနှင့် မန္တလေးမြို့ပတ်လမ်းတို့၌ တပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ လူမှုကူညီရေးအသင်းအဖွဲ့များနှင့် နိုင်ငံတကာမှ ကူညီကယ်ဆယ်ရေးအဖွဲ့များ ပူးပေါင်း၍ ကူညီကယ်ဆယ်ရေးလုပ်ငန်းများ အရှိန်အဟုန်မြင့် ဆောင်ရွက်နေမှုများနှင့် ရှင်းလင်းပြီးစီးမှု အခြေအနေများကို သွားရောက်ကြည့်ရှု၍ လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးသည်။

ထို့အပြင် နေပြည်တော်ကောင်စီနယ်မြေဇေယျာသီရိမြို့နယ်၊ပုဗ္ဗသီရိမြို့နယ်၊ဥတ္တရသီရိမြို့နယ်၊လယ်ဝေးမြို့နယ်နှင့် ပျဉ်းမနားမြို့နယ်တို့ရှိ ဘုရားစေတီများ၊ ဘုန်းတော်ကြီးကျောင်းများ၊ စစ်မှုထမ်းဟောင်းအိမ်ရာများနှင့် ငလျင်ဒဏ်ကြောင့် ပျက်စီးခဲ့သည့်နေရာများ၌ လည်းကောင်း၊ ရှမ်းပြည်နယ်(တောင်ပိုင်း) ညောင်ရွှေမြို့နယ်၌ ငလျင်ဒဏ်ကြောင့် ထိခိုက်ပျက်စီးခဲ့သည့် နေရာများ၌လည်းကောင်း ကူညီကယ်ဆယ်ရေး လုပ်ငန်းများ ဆောင်ရွက်ပေးပြီး ဒဏ်ရာရရှိကြသည့် ဒေသခံပြည်သူများအား ဆေးကုသရေး လုပ်ငန်းများ ဆောင်ရွက်ပေးကြသည်။

ထို့အပြင် အနယ်နယ်အရပ်ရပ်မှ စေတနာရှင်ပြည်သူများကလည်း ငလျင်ဒဏ်သင့် ပြည်သူများအား ကူညီကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်နေသူများနှင့် ငလျင်ဒဏ်သင့်ပြည်သူများ စားသောက်ရေး အဆင်ပြေစေရေးအတွက် စားသောက်ဖွယ်ရာများ၊သောက်ရေသန့်များ၊ သောက်သုံးရေများ၊ အသုံးအဆောင်ပစ္စည်းများနှင့် အလှူငွေများ ပေးအပ်လှူဒါန်းခြင်းတို့ကိုလည်း ကူညီဆောင်ရွက်ပေးခဲ့ကြကြောင်း သိရသည်။

သတင်းစဉ်

# မြေငလျင်လှုပ်ခတ်မှုဖြစ်စဉ်ကြောင့် ထိခိုက်ပျက်စီးမှုဖြစ်ပွားခဲ့သည့် သယ်ယူပို့ဆောင်ရေး လမ်းကြောင်းများတွင် သွားလာမှုလွယ်ကူချောမွေ့စေရေး စီစဉ်ဆောင်ရွက်ထားရှိမှုအခြေအနေ

နေပြည်တော် ဧပြီ ၇

ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာနအနေဖြင့် သဘာဝဘေးငလျင်ဒဏ်ကြောင့် အခက်အခဲကြုံတွေ့နေရသည့် ပြည်သူများ သွားလာရေးအဆင်ပြေချောမွေ့စေရေးအတွက် လေကြောင်းပို့ဆောင်ရေးကဏ္ဍ၊ ရေကြောင်းပို့ဆောင်ရေးကဏ္ဍတို့မှ အချိန်နှင့်တစ်ပြေးညီ ဖြည့်ဆည်းဆောင်ရွက်ပေးနေမှုများကို နေ့စဉ်သတင်းထုတ်ပြန်ပေးလျက်ရှိပါသည်။

## ကူညီဆောင်ရွက်ပေး

ထိုသို့ဆောင်ရွက်ပေးလျက်ရှိရာ ရေကြောင်းပို့ဆောင်ရေးကဏ္ဍ၌ မန္တလေးနှင့် စစ်ကိုင်းမြို့အကြား လူနှင့်ကုန်စည်စီးဆင်းမှုများ ပုံမှန်လည်ပတ်နိုင်စေရေးအတွက် မန္တလေး (ရွှေကြက်ယက်)ဆိပ်ကမ်းနှင့် စစ်ကိုင်းဆိပ်ကမ်းတို့အကြား ကုန်တင်ကားကြီးများ မြစ်ကူးပို့ဆောင်ခြင်းကို ပုဂ္ဂလိကပိုင် ရေယာဉ်၊ တွဲရေယာဉ်များဖြင့် မတ် ၃၁ ရက်မှ ဧပြီ ၆ ရက်အထိ အခမဲ့ဖြင့် ကုန်တင်ယာဉ်၉၀၂ စီး၊ လူစီးမော်တော်ယာဉ် ငယ် ၅၅၁ စီးတို့ကို သယ်ယူပို့ဆောင်ပေးနိုင်ခဲ့သည်။ ဧပြီ ၇ ရက်မှစ၍ ကယ်ဆယ်ရေးပစ္စည်းသယ်ယူပို့ဆောင်သည့် ကုန်တင်ယာဉ်များအား အခမဲ့ဖြင့် ဆက်လက်ပို့ဆောင်ပေးလျက်ရှိပြီး ကျန်ပုဂ္ဂလိကကုန်တင်ယာဉ်များကို သတ်မှတ်နှုန်းထားဖြင့် ကောက်ခံပြေးဆွဲနိုင်ရန် စီမံဆောင်ရွက်လျက်ရှိပြီး ဧရာဝတီမြစ်ကူးတံတား ရတနာပုံနှင့် အင်းဝတံတားတို့ပေါ်မှ သွားလာမှုအခက်အခဲ ဖြစ်ပေါ်နေမှုကို တစ်ဖက်တစ်လမ်းမှ ကူညီဆောင်ရွက်ပေးနိုင်ခဲ့သည်။

အလားတူ လေကြောင်းပို့ဆောင်ရေးကဏ္ဍ၌ လိုအပ်သည့် ကယ်ဆယ်ရေးပစ္စည်းများ၊ ရိက္ခာနှင့်ဆေးဝါးများ၊ ကယ်ဆယ်ရေးအဖွဲ့များ လာရောက်ပို့ဆောင်ပေးမည့် နိုင်ငံတကာမှ ကယ်ဆယ်ရေးလေယာဉ်များသည် ရန်ကုန်အပြည်ပြည်ဆိုင်လေဆိပ်၊ နေပြည်တော်အပြည်ပြည်ဆိုင်ရာလေဆိပ်နှင့် မန္တလေးအပြည်ပြည်ဆိုင်ရာလေဆိပ်များသို့ မတ် ၂၉ ရက်မှစတင်၍ နေ့စဉ်ဆင်းသက်လျက်ရှိရာ ယနေ့အထိ စုစုပေါင်း လေယာဉ် ၉၂ စင်း ဆင်းသက်ခဲ့ပြီး ကယ်ဆယ်ရေးပစ္စည်း စုစုပေါင်း ၁၅၁၈ ဒသမ ၂၈၉ တန် ရောက်ရှိပြီးဖြစ်ပါသည်။ အဆိုပါ ပြည်ပမှ လာရောက်သည့်ကယ်ဆယ်ရေးလေယာဉ်များအတွက် မြေပြင်ဝန်ဆောင်မှုလုပ်ငန်းများကို လူအင်အား စက်ယန္တရားအင်အားဖြင့် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်တွင် မြန်မာအမျိုးသားလေကြောင်းကလည်းကောင်း၊ နေပြည်တော်အပြည်ပြည်ဆိုင်ရာလေဆိပ်တွင် ရွှေ့ဆောင်လေဆိပ်ဝန်ဆောင်မှုကုမ္ပဏီကလည်းကောင်း၊ မန္တလေးအပြည်ပြည်ဆိုင်ရာလေဆိပ်တွင် MC- Jalux Airport Services ကုမ္ပဏီကလည်းကောင်း အခမဲ့ဆောင်ရွက်ပေးလျက်ရှိသည်။

ထို့ပြင် အဆိုပါမန္တလေးနှင့် နေပြည်တော်လေဆိပ်များအား လိုအပ်သည့် ပြုပြင်မွမ်းမံမှုများကို ဆောင်ရွက်ခဲ့ပြီး ပြည်တွင်းလေယာဉ်ခရီးစဉ်များကို ဧပြီ ၄ ရက်တွင် မန္တလေးအပြည်ပြည်ဆိုင်ရာလေဆိပ်၌လည်းကောင်း၊ ဧပြီ ၅ ရက်တွင် နေပြည်တော်အပြည်ပြည်ဆိုင်ရာလေဆိပ်၌လည်းကောင်း ပြန်လည်ဆင်းသက်ခွင့်ပြုခဲ့သည့်အတွက် မြန်မာအမျိုးသားလေကြောင်း၊ မန်းရတနာပုံလေကြောင်း၊ မဂ်လာလေကြောင်း၊ အဲယားသံလွင်လေကြောင်းလိုင်းတို့မှ ခရီးစဉ်များ ပုံမှန်ပျံသန်းပေးလျက်ရှိရာ လေးရက်တာကာလအတွင်း လေယာဉ်ခရီးစဉ်ခေါက်ရေ ၅၀ ပြေးဆွဲပေးနိုင်ပြီဖြစ်ကြောင်း သိရသည်။

သတင်းစဉ်



# မန္တလေးမြို့ ငလျင်ဘေးဒဏ်သင့်သူများအား ကူညီကယ်ဆယ်ရန် INDIA AIR FORCE မှ ထောက်ပံ့ပစ္စည်းများ လာရောက်ပို့ဆောင်

နေပြည်တော် ဧပြီ ၇

မန္တလေးမြို့ ငလျင်ဘေးဒဏ်သင့်သူများအား ကူညီကယ်ဆယ်ရန် ရန်ကုန်မြို့အခြေစိုက် အိန္ဒိယသံရုံး အစီအစဉ်ဖြင့် INDIA AIR FORCE မှ ငလျင်ဘေးသင့်ပြည်သူများအား ရှာဖွေကယ်ဆယ်ရေး လုပ်ငန်းများဆောင်ရွက်ရန် ထောက်ပံ့ရေးပစ္စည်း ၂၉ ဒသမ ၂၅ တန် တင်ဆောင်၍ အိန္ဒိယနိုင်ငံ GHAZIABAD HINDAN လေဆိပ်မှ မန္တလေးအပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ယနေ့ရောက်ရှိသည်။

အဆိုပါ လေယာဉ်ဖြင့် 5KVA မီးစက် သုံးလုံး၊ ရေသန့်စက် ခုနစ်လုံး၊ ဆန်အိတ် ၈၅ အိတ်၊ ဆေး၊ ရေသန့်ဘူးကြီး ၂၀ လီတာဘူး၂၀၀၊ ခေါက်ဆွဲခြောက်၊ Special EQPT ၁၇ ခု၊ အာလူး၊ ကြက်သွန်၊ ဂေါ်ဖီ၊ ဂျုံမှုန့် စုစုပေါင်း ၂၉ ဒသမ ၂၅ တန်တို့အား သယ်ဆောင်ရောက်ရှိလာခဲ့ရာ အဆိုပါပစ္စည်းများအား အိန္ဒိယစစ်သံမှူး Colonel Jaswinder Singh Gillနှင့် အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းဦးစီးမှူး ဗိုလ်မှူးကြီးကျော်ထွန်း၊ လူမှုဝန်ထမ်းဦးစီးဌာန၊ တိုင်းဦးစီးမှူး ဦးသက်လှိုင်ထွန်းတို့က လက်ခံဆောင်ရွက်ခဲ့ကြသည်။

သတင်းစဉ်

# မန္တလေးမြို့ ငလျင်ဘေးဒဏ်သင့်သူများအား ကူညီကယ်ဆယ်ရန် ရုရှားနိုင်ငံမှ ထောက်ပံ့ပစ္စည်းများ လာရောက်ပို့ဆောင်

နေပြည်တော် ဧပြီ ၇

မန္တလေးမြို့ရှိ ငလျင်ဘေးဒဏ်သင့်သူများအား ကူညီကယ်ဆယ်ရန် ဧပြီ ၆ ရက်တွင် Fedral State Budget Institution “Aviation Rescue Company of EMERCOM of Russia” မှ လေယာဉ်အမျိုးအစား IL-76 RA No76429 ခရီးစဉ် အမှတ်၊ SUM 9123 ဖြင့် လေယာဉ်မှူး ရုရှားနိုင်ငံသား Mr. MARKOV ALEKSANDAR (PP NO 55 1345753)ပါ လေယာဉ်အမှုထမ်း ၁၁ ဦး လိုက်ပါမောင်းနှင်လျက် ခရီးသည် သုံးဦး လိုက်ပါလာသည်။ အဆိုပါလေယာဉ်ဖြင့် ၁၀ ဦးဆံ့ နွေရာသီတဲ ၁၅၀ (၁၇ ဒသမ ၂၅ တန်)၊ ပလတ်စတစ်စ ၁၂ ဒသမ ၂၄၉ တန်၊ 10 kg မီးစက် ၂၇ လုံး (၄ ဒသမ ၀၀၅) တန်၊ အထွေထွေသုံးပစ္စည်း သုည ဒသမ ၅၃၉ တန် စုစုပေါင်း ၃၄ ဒသမ ၀၄၃ တန် ပါရှိလာကြောင်းနှင့် အဆိုပါအဖွဲ့အား အရေးပေါ်တုံ့ပြန်ကူညီရေးအဖွဲ့ (နိုင်ငံတကာ) ရုရှား အရေးပေါ်ကူညီရေးဝန်ကြီးဌာန၏ ဒုတိယအကြီးအကဲ Alexander Kivosheya နှင့် တိုင်းဥပဒေချုပ် ဦးမြင့်အောင်တို့က ကြိုဆိုလက်ခံခဲ့ကြောင်း သိရသည်။

သတင်းစဉ်



# မလေးရှားနိုင်ငံနှင့် ဘယ်လာရုစ်နိုင်ငံတို့မှ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကူအညီပစ္စည်းများရောက်ရှိ

နေပြည်တော် ဧပြီ ၇

နိုင်ငံတော်အစိုးရ အနေဖြင့် ငလျင်ဒဏ်သင့်ဒေသများရှိ ပျက်စီးဆုံးရှုံးမှုများကို အလျင်အမြန်စုံစမ်းစစ်ဆေးပြီး အချိန်နှင့်တစ်ပြေးညီ ကူညီကယ်ဆယ်ရေးလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိသည့်အပြင် နိုင်ငံတကာမှလည်း လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကူအညီများပေးလျက်ရှိရာ သက်ဆိုင်ရာနိုင်ငံများအလိုက် ကယ်ဆယ်ရေးအဖွဲ့များ၊ ဆရာဝန်များနှင့် သူနာပြုဆေးအဖွဲ့များ၊ လူသားချင်း စာနာထောက်ထားမှုဆိုင်ရာ အကူအညီပစ္စည်းများ၊ ဆေးဝါးများသည် မြန်မာနိုင်ငံသို့ နေ့ရက်အလိုက်ရောက်ရှိကြသည်။



မလေးရှားနိုင်ငံမှ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကူအညီပစ္စည်းများ ရောက်ရှိစဉ်။



ဘယ်လာရုစ်နိုင်ငံမှ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကူအညီပစ္စည်းများ ရောက်ရှိစဉ်။

## စုစုပေါင်းအလေးချိန် ကီလိုဂရမ် ၁၅၂၅၀ တင်ဆောင်

ယနေ့နံနက် ၈ နာရီ ၁၅ မိနစ်အချိန် မလေးရှားနိုင်ငံမှ ကယ်ဆယ်ရေးအဖွဲ့ဝင် WAN ZAINAL ABIDN BIN WAN YAACOB ပါ ၁၃ ဦးနှင့် ကယ်ဆယ်ရေးပစ္စည်းများ၊ အသုံးအဆောင်ပစ္စည်းများ၊ စောင်များနှင့် စားသောက်ဖွယ်ရာများ ၁၀၈၈၈ ကီလိုဂရမ်တင်ဆောင်၍ မလေးရှားနိုင်ငံ၊ Kuala Lumpur Subang Air-port မှ နေပြည်တော်(တပ်မတော်)လေဆိပ်သို့လည်းကောင်း၊ နံနက် ၈ နာရီ ၃၄ မိနစ်တွင် မလေးရှားနိုင်ငံမှ ကယ်ဆယ်ရေးအဖွဲ့ဝင် MOHD HAFIFI HAFIDZ BIN ABD RAZAK ပါ ၁၃ ဦးနှင့် ကယ်ဆယ်ရေးပစ္စည်းများ၊ အသုံးအဆောင်ပစ္စည်းများ၊ စောင်များနှင့် စားသောက်ဖွယ်ရာများ၊ မီးဖိုချောင်သုံးပစ္စည်းများ အလေးချိန် ၈၂၁၂ ကီလိုဂရမ် တင်ဆောင်၍ မလေးရှားနိုင်ငံ၊ Kuala Lumpur Subang Air-port မှ နေပြည်တော်ရှိ တပ်မတော်လေဆိပ်သို့လည်းကောင်း၊ နံနက် ၁၁ နာရီခွဲတွင် MAI လေကြောင်းလိုင်းဖြင့် ကယ်ဆယ်ရေးပစ္စည်း စုစုပေါင်း အလေးချိန် ကီလိုဂရမ် ၁၅၂၅၀ တင်ဆောင်၍ မလေးရှားနိုင်ငံ KUALA LUMPUR INTERNATIONAL AIRPORT မှ နေပြည်တော်ရှိတပ်မတော်လေဆိပ်သို့ရောက်ရှိလာပြီး ၎င်းပစ္စည်းများအား မြန်မာနိုင်ငံ ကြက်ခြေနီအသင်း ဒုတိယဥက္ကဋ္ဌ ဒေါက်တာတင်တင်လေးက လွှဲပြောင်းလက်ခံခဲ့ကြောင်း သိရသည်။

ယင်းနောက် ညနေ ၆ နာရီ မိနစ် ၅၀ တွင် ဘယ်လာရုစ်နိုင်ငံမှ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကူအညီပစ္စည်းများဖြစ်သည့် ဆေးဝါးနှင့် တဲများပါဝင်သည့် ကီလိုဂရမ် ၁၉၄၀၀ သယ်ဆောင်၍ Ministry of Emer-gency Situation ဝန်ကြီးဌာနမှ ဒုတိယဝန်ကြီး ဟူဒါလျက်ဗ် အလက်ဇန်းဒါ ဦးဆောင်သည့်အဖွဲ့သည် နေပြည်တော်ရှိ တပ်မတော်လေဆိပ်သို့ ရောက်ရှိလာရာ အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီ ကိုယ်စား တာဝန်ရှိသူများက ကြိုဆိုနှုတ်ဆက်ကြကြောင်း သိရသည်။

သတင်းစဉ်

# မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးမျိုးအောင် မန္တလေးမြို့မှ ပြန်လည်ထွက်ခွာသည့် တရုတ်ပြည်သူ့သမ္မတနိုင်ငံနှင့် ဘယ်လာရုစ်သမ္မတနိုင်ငံတို့မှ ကူညီရှာဖွေကယ်ဆယ်ရေးအထောက်အကူပြုအဖွဲ့တို့အား နှုတ်ဆက်၍ ကျေးဇူးတင်စကားပြောကြား





**မန္တလေး ဧပြီ ၇**

မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးမျိုးအောင်သည် တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် ဝန်ကြီးများနှင့် တာဝန်ရှိသူများလိုက်ပါ၍ ယနေ့နံနက်ပိုင်းက မန္တလေးမြို့မှ ပြန်လည်ထွက်ခွာသည့် တရုတ်ပြည်သူ့သမ္မတနိုင်ငံနှင့် ဘယ်လာရုစ်သမ္မတနိုင်ငံတို့မှ ကူညီရှာဖွေကယ်ဆယ်ရေးအထောက်အကူပြုအဖွဲ့တို့အား သွားရောက်နှုတ်ဆက်၍ ကျေးဇူးတင်စကားများ ပြောကြားခဲ့သည်။

အဆိုပါအဖွဲ့သည် လူသားချင်း စာနာထောက်ထားမှုများဖြင့် မန္တလေးမြို့သို့ တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ Jiao Yue Guo ဦးစီး ၇၅ ဦးပါ Hong Kong, China Search & Rescue Team ၊ Mr.Gau Guo Wei ဦးစီး ၁၁၈ ဦးပါ China International Search & Rescue Team၊ Mr.Kyauk Me ဦးစီး ၇၀ ဦးပါ China Search and Rescue တို့ကို ယာယီအခြေပြု မင်္ဂလာမန္တလေးတွင်လည်းကောင်း၊ ဘယ်လာရုစ်သမ္မတနိုင်ငံမှ Mr. Igor ဦးစီး ၃၃ ဦးပါ The Republican Special Response Team "ZUBR" of the Ministry for Emergency Situaions of The Republic of Belarus အဖွဲ့ကို ယာယီအခြေပြု မန္တလာသီရိအားကစားကွင်းတွင် လည်းကောင်း ရောက်ရှိပြီး လူသားချင်းစာနာထောက်ထားမှုဆိုင်ရာလုပ်ငန်းများတွင် အင်တိုက်အားတိုက် ဆောင်ရွက်ပေးခဲ့ကြပြီး၍ မန္တလေးမြို့မှ ပြန်လည်ထွက်ခွာသွားကြခြင်းဖြစ်ပြီး တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့်အဖွဲ့သည် တွေ့ဆုံနှုတ်ဆက်၍ အားပေးကူညီမှုများအပေါ် ကျေးဇူးတင်စကားများပြောကြားကာ အမှတ်တရလက်ဆောင်ပစ္စည်းများ ပေးအပ်ခဲ့သည်။

မတ် ၂၈ ရက် မွန်းလွဲပိုင်းက လှုပ်ခတ်ခဲ့သည့် အင်အားပြင်းမြေငလျင်နှင့် နောက်ဆက်တွဲငလျင်ငယ်များလှုပ်ရှားမှုကြောင့် မန္တလေးတိုင်းဒေသကြီးတွင်လည်း ငလျင်ဒဏ်သင့်ခဲ့ရပြီး လမ်းတံတား၊ အဆောက်အအုံများ ထိခိုက်ပျက်စီးခဲ့ရကာ ပြည်သူအချို့သေဆုံးခဲ့ရမှုများနှင့် ထိခိုက်ဒဏ်ရာရရှိခဲ့မှုများ ဖြစ်ပေါ်ခဲ့သဖြင့် ပြည်တွင်းမှ ဘေးအန္တရာယ်ဆိုင်ရာ ကူညီကယ်ဆယ်ရေးအဖွဲ့များ၊ နိုင်ငံတကာမှ ကူညီကယ်ဆယ်ရေးအထောက်အကူပြုအဖွဲ့များနှင့် ဆေးကုသမှုအဖွဲ့များဖြင့် ကူညီရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများနှင့် ဆေးဝါးကုသရေးလုပ်ငန်းများကို အင်တိုက်အားတိုက်ဆောင်ရွက်လျက်ရှိပြီး ပြန်လည်တည်ဆောက်ရေးလုပ်ငန်းများ အမြန်ဆုံးဆောင်ရွက်သွားနိုင်ရန် ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။

(မန္တလေးနေ့စဉ်)

၀-၀-၀-၀-၀











# မန္တလေးတိုင်းဒေသကြီးအတွင်း ငလျင်ဘေးဒဏ်သင့်နေရာများတွင် ကူညီကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်ရန်အတွက် စေတနာရှင်၊ အလှူရှင်များက အလှူငွေများ ပေးအပ်လှူဒါန်း

**မန္တလေး ဧပြီ ၇**

မန္တလေးတိုင်းဒေသကြီးအတွင်း ငလျင်ဘေးဒဏ်သင့် နေရာများတွင် ကူညီကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများအတွက် စေတနာရှင်၊ အလှူရှင်များက အလှူငွေများ ပေးအပ်လှူဒါန်းလျက်ရှိရာ ယနေ့နံနက်ပိုင်းက မန္တလေးတိုင်းဒေသကြီး ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီမှ ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များက အလှူငွေကျပ်သိန်း ၁၀၀ ကို မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့ရုံးသို့ လာရောက်ပေးအပ်လှူဒါန်းရာ မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးမျိုးအောင်နှင့် တာဝန်ရှိသူများက လက်ခံ၍ ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်ခဲ့သည်။

မန္တလေးတိုင်းဒေသကြီးအတွင်း ကူညီရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများ၊ ပြိုကျပျက်စီး အဆောက်အအုံများနှင့် အန္တရာယ်ရှိ အဆောက်အအုံများ ဖယ်ရှားရှင်းလင်းခြင်းများကို အင်တိုက် အားတိုက် ဆောင်ရွက်လျက်ရှိပြီး ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို အမြန်ဆုံးဆောင်ရွက်နိုင် ရေးကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

(မန္တလေးနေ့စဉ်)

၀-၀-၀-၀-၀



သတင်း စာမျက်နှာ ၁၄










# အောင်လံမြို့၌ ၂၀၂၄-၂၀၂၅ ပညာသင်နှစ် မြို့နယ်အဆင့် အခြေခံပညာကာယပညာနှင့် အားကစားနည်းပြမွမ်းမံသင်တန်း ဖွင့်လှစ်

**အောင်လံ ဧပြီ ၇**

မကွေးတိုင်းဒေသကြီး၊ အောင်လံမြို့၌ ၂၀၂၄-၂၀၂၅ ပညာသင်နှစ် မြို့နယ်အဆင့် အခြေခံပညာ၊ ကာယပညာနှင့် အားကစားနည်းပြမွမ်းမံသင်တန်း ဖွင့်ပွဲအခမ်းအနားကို ယနေ့ နံနက် ၈ နာရီက အောင်လံမြို့၊ အမှတ်(၁) အခြေခံပညာအထက် တန်းကျောင်း ရွှေရတုခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးလှ ရွှေက အဖွင့်အမှာစကားပြော ကြားရာတွင် နိုင်ငံတော်စီမံအုပ် ချုပ်ရေးကောင်စီ ဦးတည်ချက် (၉)ရပ်၏ လူမှုရေးဦးတည်ချက် မှာ ပါဝင်တဲ့ တစ်မျိုးသားလုံး သက်ရှည်ကျန်းမာကြံ့ခိုင်ရေး အတွက် ပြည်သူအားလုံး အကျိုး ဝင်စေမည့် ကျန်းမာရေးကဏ္ဍ မြှင့်တင်ဆောင်ရွက်ရေးနှင့် နိုင်ငံ တော်ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း စဉ်များ၌ လူငယ်များအနေဖြင့် အဓိကစွမ်းအားစုအဖြစ် ပါဝင် နိုင်ရေး ဗလငါးတန်နှင့်ပြည့်စုံ သော လူငယ်များဖြစ်စေရန် လူငယ်ကဏ္ဍကို မြှင့်တင်ဆောင် ရွက်ရေးစသည့် ရည်ရွယ်ချက် များကို ဖော်ဆောင်လိုတဲ့ အတွက် သင်တန်းကို ဖွင့်လှစ်ရ ခြင်းဖြစ်ကြောင်း ပြောကြား သည်။

ထို့နောက် ခရိုင်ပညာရေး မှူး ဦးစံရွှေမောင်က သင်တန်း နှင့် ပတ်သက်သည့် အကြောင်း အရာများ၊ မြို့နယ်ပညာရေးမှူး ဦးဝင်းဇော်က အခြေခံပညာ ကာယပညာနှင့်အားကစားနည်းပြ မွမ်းမံသင်တန်းကို မြို့နယ်အဆင့် အဖြစ် သင်တန်းပို့ချသွားမည် ဖြစ်ကြောင်း ပြောကြားသည်။

ဆက်လက်၍ PE(21) ဆင်း ကာယပညာဆရာများမှ PE(21) သီချင်းဖြင့် ကပြဖျော်ဖြေပေးခဲ့ပြီး အဆိုပါသင်တန်းကို သင်တန်း သား ၅၈ဦး၊ နည်းပြ ၁၁ဦး ဖြင့် ဧပြီ ၇ ရက်မှ ၉ ရက်အထိ ၃ ရက် ဖွင့်လှစ်သင်ကြားသွားမည် ဖြစ်ကြောင်း သိရသည်။

အာကာ(ပြန်/ဆက်)

၀-၀-၀-၀-၀



# မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးမျိုးအောင် ငလျင်ဘေးဒဏ်ကြောင့် ထိခိုက်ပျက်စီးခဲ့သည့် ကျောက်ဆည်မြို့ ရွှေသာလျောင်းနှင့် ဆည်တော်နံ့ရွှေမုဋ္ဋော ဘုရားစေတီတော်သို့ သွားရောက်ကြည့်ရှုစစ်ဆေး ပြန်လည်ထွက်ခွာကြသည့် Humanitarian Assistance and Disaster Relief Committees of the Lao People's Army အဖွဲ့နှင့် The Russian Rescue Team အဖွဲ့တို့အား နှုတ်ဆက်၍ ကျေးဇူးတင်စကားများ ပြောကြား

**မန္တလေး ဧပြီ ၇**


မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးမျိုးအောင်သည် တိုင်းဒေသကြီးအစိုးရအဖွဲ့ လမ်းပန်းဆက်သွယ်ရေးဝန်ကြီးနှင့် တာဝန်ရှိသူများလိုက်ပါ၍ ယနေ့ညနေပိုင်းက ကျောက်ဆည်ခရိုင်၊ ကျောက်ဆည်မြို့ရှိ ရွှေသာလျောင်းစေတီတော်နှင့် ဆည်တော်နံ့ရွှေမုဋ္ဋောစေတီတော်သို့ သွားရောက်ပြီး ငလျင်ဘေးဒဏ်ကြောင့် စေတီ၊ ပုထိုးများ၊ သာသနိကအဆောက်အအုံများ ထိခိုက်ပျက်စီးခဲ့မှုအခြေအနေများကို လိုက်လံကြည့်ရှုခဲ့သည်။


ရှေးဦးစွာ ရွှေသာလောင်းစေတီတော်သို့ ရောက်ရှိပြီး စေတီ၊ ပုထိုးနှင့် သာသနိကအဆောက်အအုံများ ထိခိုက်ပျက်စီးခဲ့မှု အခြေအနေများ၊ ရွှေသာလျောင်းတောင်တော်ရှိ ကျောက်သေတ္တာစေတီဘုရား ထိခိုက်ကွဲအက်မှု အခြေအနေနှင့် တောင်ခြေအနီး တစ်ဝိုက် အန္တရာယ်မဖြစ်ပေါ်စေရေး ဆောင်ရွက်ထားရှိမှု အခြေအနေများကိုလည်းကောင်း၊ ဆက်လက်၍ ဆည်တော်နံ့ရွှေမုဋ္ဋော ဘုရားစေတီတော်သို့ သွားရောက်ပြီး စေတီတော်နှင့် သာသနိကအဆောက်အအုံများ ထိခိုက်ပျက်စီးခဲ့မှုအခြေအနေများကို လိုက်လံကြည့်ရှုစစ်ဆေးပြီး အမြန်ဆုံးပြန်လည်ပြုပြင်မွမ်းမံခြင်းနှင့် ထိန်းသိမ်းခြင်းများ ဆောင်ရွက်သွားနိုင်ရေး ဝိုင်းဝန်းကြိုးပမ်းသွားရန် တာဝန်ရှိသူများအား ပြောကြားပြီး လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့သည်။

၎င်းနောက် ကျောက်ဆည်မြို့နယ် အားကစားကွင်းသို့ ရောက်ရှိပြီး ပြန်လည်ထွက်ခွာသည့် Humanitarian Assistance and Disaster Relief Committees of the Lao People's Army အဖွဲ့အား နှုတ်ဆက်၍ အားပေးကူညီမှုများ အပေါ် ကျေးဇူးတင်စကားများ ပြောကြားကာ အမှတ်တရလက်ဆောင်ပစ္စည်းများ ပေးအပ်ခဲ့သည်။

ဆက်လက်၍ တိုင်းဒေသကြီးဝန်ကြီးချုပ်သည် ညပိုင်းတွင် မန္တလာသီရိအားကစားကွင်းသို့ သွားရောက်ပြီး ပြန်လည်ထွက်ခွာသည့် The Russian Rescue Team အဖွဲ့အား နှုတ်ဆက်၍ အားပေးကူညီမှုများအပေါ် ကျေးဇူးတင်စကားများပြောကြားခဲ့ကြောင်း သိရသည်။

(မန္တလေးနေ့စဉ်)














သတင်း-စာမျက်နှာ ၁၆


















# မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ မြို့တော်ဝန် ဦးကျော်ဆန်း ငလျင်ဒဏ်ကြောင့် ထိခိုက်ပျက်စီးခဲ့သည့် ဝန်ထမ်းအိမ်ရာများ၊ မစိုးရိမ်ကျောင်းတိုက်ရှိ ငလျင်ဒဏ်ကြောင့် ကျောင်းများ၊ သာသနိကအဆောက်အအုံ ထိခိုက်ခဲ့မှုနှင့် ရှင်းလင်းမှုတို့အား ကြည့်ရှုစစ်ဆေး

**မန္တလေး ဧပြီ ၇**

မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ မြို့တော်ဝန် ဦးကျော်ဆန်းသည် တာဝန်ရှိသူများ လိုက်ပါကာ ယနေ့ နံနက်ပိုင်းက ချမ်းမြသာစည်မြို့နယ်၊ ၆၂ လမ်း၊ ၁၀၆ လမ်းနှင့် ၁၀၇လမ်းကြားရှိ မြို့တော်စည်ပင် စက်ရုံနှင့် မော်တော်ယာဉ်ဌာနသို့ သွားရောက်ခဲ့ပြီး ငလျင်ဘေးဒဏ်ကြောင့် ထိခိုက်ပျက်စီးခဲ့ရသည့် (မော်တော်ယာဉ်ဌာန ဝန်ထမ်းများနှင့် စည်ပင်သာယာရဲတပ်ဖွဲ့ဝင်များ)နေထိုင်သည့် (၆)ခန်းတွဲ (၄)ထပ်ဆောင် ဝန်ထမ်းအိမ်ရာ (၅)လုံး၏ ပျက်စီးမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးရာ စက်ရုံနှင့် မော်တော်ယာဉ်ဌာန ဌာနခွဲမှူးနှင့် တာဝန်ရှိသူများက အဆိုပါ ဝန်ထမ်းအိမ်ရာများမှ ဝန်ထမ်းမိသားစုများအား ဘေးအန္တရာယ်ကင်းရှင်းသည့်နေရာများ၌ နေရာချထားပြီးစီးမှုအခြေအနေကို ရှင်းလင်းတင်ပြရာ မြို့တော်ဝန်က စက်ရုံဝင်းအတွင်းရှိ မော်တော်ယာဉ်များထားရှိရာ CAR PARK-ING နေရာများ၌ လိုအပ်ပါက နေရာချထားပေးနိုင်ရေး စီစဉ်ဆောင်ရွက်ပေးခဲ့သည်။

စက်ရုံနှင့် မော်တော်ယာဉ်ဌာနအနေဖြင့် မြို့နယ်အသီးသီးရှိ ဝန်ထမ်းအိမ်ရာ (၁၃)နေရာမှ ဝန်ထမ်းမိသားစု စုစုပေါင်း (၃၈၂) ဦးတို့အား ဌာနရုံးဝင်းအတွင်း၌ ယာယီစောင့်ရှောက်မှုများ ဆောင်ရွက်ပေးထားကြောင်း သိရသည်။

ဆက်လက်၍ မြို့တော်ဝန်သည် ညနေပိုင်းတွင် မဟာအောင်မြေမြို့နယ် ၈၇ လမ်း၊ ၃၆လမ်းနှင့် ၃၇လမ်းကြားရှိ မူလမစိုးရိမ်ကျောင်းတိုက်သို့ ရောက်ရှိရာ တိုင်းဒေသကြီး မီးသတ်ဦးစီးဌာန ညွှန်ကြားရေးမှူးနှင့် မီးသတ်တပ်ဖွဲ့ဝင်များက ကျောင်းတိုက်အတွင်းရှိ ကျောင်းပေါင်း (၁၄)ကျောင်းရှိသည့်အနက် ငလျင်ဘေးဒဏ်ကြောင့် ကျောင်းပေါင်း (၁၂) ကျောင်း ပြိုကျပျက်စီးဆုံးရှုံးမှုအခြေအနေအား ရှင်းလင်းတင်ပြသည်။

ထို့နောက် မြို့တော်ဝန်သည် ကျောင်းတိုက်ဆရာတော်ကြီးအား ဖူးမြော်၍ ပျက်စီးခဲ့သည့် သာသနိကအဆောက်အအုံများ ဖယ်ရှားရှင်းလင်းနိုင်ရေးအတွက် လိုအပ်သည့် စက်ယန္တရားများဖြင့် ဖျက်ချမည့် အစီအစဉ်အဆင့်ဆင့်၊ စက်ယာဉ်ယန္တရားများအထိုင်ချဆောင်ရွက်ရန် ကိစ္စရပ်များနှင့် ပတ်သက်၍ အဆင့်ဆင့်လုပ်ဆောင်သွားရန် ညှိနှိုင်းဆောင်ရွက်ပေးခဲ့သည်။ ထို့ပြင် ကျောင်းတိုက်အတွင်းရှိ (၂၆-၆-၁၉၀၉)ခုနှစ်ကတည်းက တည်ရှိခဲ့သည့် ရှေးဟောင်းနာရီစင်ကြီးသည် ငလျင်ဘေးဒဏ်ကြောင့် ပေ(၂၀) အတွင်းပတ်လည်ပြတ်၍ ကွဲအက်မှုများဖြစ်ပေါ်နေရာ ဖျက်ချစဉ် အန္တရာယ်ကင်းစွာ ဆောင်ရွက်နိုင်ရေးအတွက် တာဝန်ခံအင်ဂျင်နီယာများ၊ ပါဝင်ပူးတွဲဆောင်ရွက်မည့် မီးသတ်တပ်ဖွဲ့ဝင်များ၊ ကုမ္ပဏီ၏ စက်မောင်း၊ ယန္တရားမောင်းများ၊ အင်ဂျင်နီယာအဖွဲ့များနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ပြီး စနစ်တကျနှင့် အန္တရာယ်ကင်းစွာ လုပ်ဆောင်ပေးကြရန် စီစဉ်ညှိနှိုင်းခဲ့ကြောင်း သိရသည်။

**(မန္တလေးနေ့စဉ်)**

၀-၀-၀-၀

၀-၀-၀-၀-၀





သတင်း-စာမျက်နှာ ၁၆









# ပဲခူးတိုင်းဒေသကြီး ထန်းတပင်မြို့နယ်၌ KNU အဖွဲ့မှ အကြမ်းဖက်မှုကို လိုလားသူများနှင့် PDF အမည်ခံ အကြမ်းဖက်သမားများပူးပေါင်းအဖွဲ့ ထောင်ထားသည့် မိုင်းတစ်လုံးပေါက်ကွဲခဲ့မှုကြောင့် အပြစ်မဲ့အရပ်သားပြည်သူတစ်ဦး ထိခိုက်ဒဏ်ရာရရှိ

နေပြည်တော် ဧပြီ ၇

အစွန်းရောက် အကြမ်းဖက်သမားများသည် အေးချမ်းစွာနေထိုင်လျက်ရှိသော ပြည်သူများနှင့် အုပ်ချုပ်ရေးပိုင်းဆိုင်ရာ တာဝန်ရှိသူများအား ထိခိုက်ဒဏ်ရာရရှိစေရန် ရည်ရွယ်ချက်များဖြင့် အကြမ်းဖက်ဖောက်ခွဲရေးလုပ်ရပ်များကို ငွေကြေးထောက်ပံ့ကာ နောက်ကွယ်မှ သွေးထိုးမြှောက်ပင့်လှုံ့ဆော်မှုများဖြင့် အများပြည်သူသွားလာအသုံးပြုသော လမ်းမကြီးများ၊ ရထားလမ်းများ၊ ဌာနဆိုင်ရာရုံးအဆောက်အအုံများနှင့် လူနေအိမ်များအား ဖောက်ခွဲရေးပစ္စည်းကိရိယာများအသုံးပြု၍ မိုင်းထောင်ဖောက်ခွဲခြင်း၊ အဝေးမှ ပစ်ခတ်ဖောက်ခွဲခြင်းများ ပြုလုပ်လျက်ရှိသည်။

**ဒဏ်ရာများ ရရှိခဲ့**

ထိုသို့ လုပ်ဆောင်လျက်ရှိရာ ဧပြီ ၆ ရက် မွန်းလွဲ ၁ နာရီတွင် ပဲခူးတိုင်းဒေသကြီး ထန်းတပင်မြို့နယ် ဇရပ်ကြီးတိုက်နယ်ဆေးရုံသို့ မိုင်းပေါက်ကွဲစထိမှန်ဒဏ်ရာများဖြင့် အမျိုးသားတစ်ဦး ရောက်ရှိနေကြောင်း သတင်းအရ လုံခြုံရေးတပ်ဖွဲ့ဝင်များက သွားရောက်စစ်ဆေးခဲ့ရာ ထန်းတပင်မြို့နယ် ဇရပ်ကြီးကျေးရွာနေ ဦးကျော်ဇင်ထွန်း (၃၈)နှစ်သည်၎င်း၏နေအိမ်မှ ဘုမ္မတီကျေးရွာအနီးရှိ ဒေသအခေါ် ဘုမ္မတီချောင်း၌ ငါးမျှားရန် သွားရောက်စဉ် ချောင်းအနီးအရောက် KNU အဖွဲ့မှ အကြမ်းဖက်မှုကို လိုလားသူများနှင့် PDF အမည်ခံအကြမ်းဖက်အဖွဲ့ ထောင်ထားသည့် နင်းမိုင်းတစ်လုံးအား နင်းမိပေါက်ကွဲခဲ့သဖြင့် ၎င်းတွင် မိုင်းပေါက်ကွဲစထိမှန် ဒဏ်ရာများ ရရှိခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

အထက်ပါဖြစ်စဉ်မှ အများပြည်သူ ထိခိုက်စေရန် ရည်ရွယ်၍ မိုင်းထောင်ခဲ့သူ အကြမ်းဖက် အဖျက်သမားများအား ဥပဒေနှင့်အညီ ထိရောက်စွာအရေးယူနိုင်ရေး လုံခြုံရေးတပ်ဖွဲ့ဝင်များက စုံစမ်းဖော်ထုတ်လျက်ရှိကြောင်း သိရသည်။

သတင်းစဉ်



ပဲခူးတိုင်းဒေသကြီး ထန်းတပင်မြို့နယ်၌ KNU အဖွဲ့မှ အကြမ်းဖက်မှုကို လိုလားသူများနှင့် PDF အမည်ခံ အကြမ်းဖက်သမားများပူးပေါင်းအဖွဲ့ ထောင်ထားသည့် မိုင်းတစ်လုံးပေါက်ကွဲခဲ့မှုကြောင့် အပြစ်မဲ့အရပ်သားပြည်သူတစ်ဦး ထိခိုက်ဒဏ်ရာရရှိမှု မှတ်တမ်းဓာတ်ပုံ။

# ပြည်သူ့ကြားက ပြည်သူ့စကား အစီအစဉ် ထုတ်လွှင့်မည်

နေပြည်တော် ဧပြီ ၇

မျက်မှောက်ကာလတွင် ဖြစ်ပွားလျက်ရှိသော လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးနှင့် အကြမ်းဖက်မှုတားဆီးရေးဆိုင်ရာ ကိစ္စရပ်များနှင့် ပတ်သက်၍ ပရိသတ်များ၏ ရင်တွင်းခံစားချက် စကားသံများကို သဇင် FM ၏ **"ပြည်သူ့ကြားက ပြည်သူ့စကား"** အစီအစဉ်မှ **"ရာဇဝင်တွင်တဲ့ PDF တို့ရဲ့ယုတ်မာမှု"** ခေါင်းစဉ်ဖြင့် ဧပြီ ၉ ရက် မွန်းလွဲ ၁ နာရီတွင် ထုတ်လွှင့်တင်ဆက်ပေးသွားမည်ဖြစ်သည်။

လာမည့်အပတ် ဗုဒ္ဓဟူးနေ့ မွန်းလွဲ ၁ နာရီတွင် **"သဘာဝဘေးကြောင့် စားဝတ်နေရေးကစလို့ အရာအားလုံးခက်ခဲနေချိန်မှာ ဖောက်ခွဲဖျက်ဆီးရေးတွေကို လုပ်နိုင်သေးတဲ့ အကြမ်းဖက်သမားတွေရဲ့ စိတ်ယုတ်မာများ"** ခေါင်းစဉ်ဖြင့် ဆွေးနွေးတင်ဆက်မည်ဖြစ်သောကြောင့် ပါဝင်ဆွေးနွေးလိုသူ ပရိသတ်များအနေဖြင့် အပတ်စဉ်ကြာသပတေးနေ့ နံနက် ၁၀ နာရီမှ ၁၁ နာရီအတွင်း ဖုန်းနံပါတ် ၀၉-၈၉၉၀၉၉၅၈၅ သို့ အမည်၊ နေရပ်လိပ်စာ၊ အလုပ်အကိုင်နှင့် ပြန်လည်ဆက်သွယ်ရမည့် ဖုန်းနံပါတ်တို့ကို Message ပေးပို့ပါဝင်နိုင်ပြီဖြစ်ကြောင်းနှင့် ပါဝင်လာသည့်ပရိသတ်များ၏ ဖုန်းနံပါတ်များနှင့် ကိုယ်ရေးအချက်အလက်များကို လျှို့ဝှက်ပေးထားမည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

# မကွေးတိုင်းဒေသကြီး ဆိပ်ဖြူမြို့နယ်၌ PDF အမည်ခံ အကြမ်းဖက်သမားများက သေနတ်ဖြင့် ပစ်ခတ်သတ်ဖြတ်မှုကြောင့် အပြစ်မဲ့အရပ်သားပြည်သူတစ်ဦး သေဆုံး

နေပြည်တော် ဧပြီ ၇

လက်နက်ကိုင် အစွန်းရောက်အကြမ်းဖက်သမားများအနေဖြင့် တိုင်းဒေသကြီးနှင့်ပြည်နယ်များရှိ မြို့နယ်အချို့တွင် အပြစ်မဲ့အရပ်သားပြည်သူများအားပြည်သူလူထုအတွင်း အကြောက်တရားများ လွှမ်းမိုးစေရန် လည်းကောင်း၊ ၎င်းတို့နှင့် အမြင်အယူအဆမတူသူ အရပ်သားပြည်သူများအား "သူလျှိုဒလန်၊သတင်းပေး"ဟု စွပ်စွဲ၍လည်းကောင်း၊ "ငါနှင့် မတူ၊ ငါ့ရန်သူ" ဟူသည့် တစ်ဖက်သတ် အစွန်းရောက် ဂိုဏ်းဂဏစွဲအပေါ် အခြေခံကာ ဓား၊ သေနတ်များ အသုံးပြု၍ ရက်စက်စွာလုပ်ကြံတိုက်ခိုက်၊ သတ်ဖြတ်ခြင်းများ ပြုလုပ်လျက်ရှိသည်။

ထိုသို့ လုပ်ဆောင်လျက်ရှိရာ ဧပြီ ၆ ရက် မွန်းလွဲ ၃ နာရီ ၅၅ မိနစ်တွင် မကွေးတိုင်းဒေသကြီး ဆိပ်ဖြူမြို့နယ်ရှိ မြို့နယ်ပြည်သူ့ဆေးရုံသို့ ကျည်ထိမှန်ဒဏ်ရာများဖြင့် သေဆုံးနေသည့် အမျိုးသားတစ်ဦးရောက်ရှိနေကြောင်း သတင်းအရ လုံခြုံရေးတပ်ဖွဲ့ဝင်များက သွားရောက်စစ်ဆေးခဲ့ရာ ဆိပ်ဖြူမြို့နယ် ချင်တောင်ကျေးရွာနေ ဦးမန်း(ခ) မန်းရင် (၆၉) နှစ်သည် ၎င်း၏နေအိမ်၌ ရှိနေစဉ် PDF အမည်ခံ အကြမ်းဖက်သမားလေးဦး (စိစစ်ဆဲ)က ဆိုင်ကယ်နှစ်စီးဖြင့် ရောက်ရှိလာပြီး သေနတ်ဖြင့် ပစ်ခတ်သတ်ဖြတ်သွားခဲ့သဖြင့် ဦးမန်း(ခ)မန်းရင်တွင် ကျည်ထိမှန်ဒဏ်ရာများ ရရှိကာ သေဆုံးသွားခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

ထိုသို့ အပြစ်မဲ့ အရပ်သားပြည်သူများအား "ငါနှင့်မတူ၊ ငါ့ရန်သူ" ဟူသည့် တစ်ဖက်သတ် အစွန်းရောက် ဂိုဏ်းဂဏစွဲအပေါ် အခြေခံကာ အကြောင်းမဲ့ပစ်ခတ်သတ်ဖြတ်မှု ကျူးလွန်ခဲ့သူများအား ဖော်ထုတ်ဖမ်းဆီး၍ ဥပဒေနှင့်အညီ အရေးယူနိုင်ရေး လုံခြုံရေးတပ်ဖွဲ့ဝင်များက ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

သတင်းစဉ်



မကွေးတိုင်းဒေသကြီး ဆိပ်ဖြူမြို့နယ်၌ PDF အမည်ခံ အကြမ်းဖက်သမားများက သေနတ်ဖြင့် ပစ်ခတ်သတ်ဖြတ်မှုကြောင့် အပြစ်မဲ့အရပ်သားပြည်သူတစ်ဦး သေဆုံးမှုမှတ်တမ်းဓာတ်ပုံ။

# မွန်ပြည်နယ် ဘီးလင်းမြို့နယ်၌ PDF အမည်ခံ အကြမ်းဖက်သမားများက သေနတ်ဖြင့် ပစ်ခတ်ခဲ့မှုကြောင့် အပြစ်မဲ့အရပ်သားပြည်သူတစ်ဦး ထိခိုက်ဒဏ်ရာရရှိ

နေပြည်တော် ဧပြီ ၇

လက်နက်ကိုင် အစွန်းရောက်အကြမ်းဖက်သမားများအနေဖြင့် တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ မြို့နယ်အချို့တွင် အပြစ်မဲ့အရပ်သားပြည်သူများအား ပြည်သူလူထုအတွင်း အကြောက်တရားများ လွှမ်းမိုးစေရန်လည်းကောင်း၊ ၎င်းတို့နှင့် အမြင်အယူအဆ မတူသူ အရပ်သားပြည်သူများအား "သူလျှို၊ ဒလန်၊ သတင်းပေး"ဟုစွပ်စွဲ၍လည်းကောင်း၊ "ငါနှင့် မတူ၊ ငါ့ရန်သူ"ဟူသည့် တစ်ဖက်သတ်အစွန်းရောက် ဂိုဏ်းဂဏစွဲအပေါ် အခြေခံကာ ဓား၊ သေနတ်များ အသုံးပြု၍ ရက်စက်စွာ လုပ်ကြံ တိုက်ခိုက်၊ သတ်ဖြတ်ခြင်းများ ပြုလုပ်လျက်ရှိသည်။

ထိုသို့ လုပ်ဆောင်လျက်ရှိရာ ဧပြီ ၅ ရက် ည ၈ နာရီ ၄၅ မိနစ်တွင် မွန်ပြည်နယ် ဘီးလင်းမြို့နယ် နှင်းပုလဲကျေးရွာအနီး၌ သေနတ်ဖြင့် ပစ်ခတ်ခံရ၍ အမျိုးသားတစ်ဦး ဒဏ်ရာရရှိခဲ့ကြောင်း သတင်းအရ လုံခြုံရေးတပ်ဖွဲ့ဝင်များက သွားရောက်စစ်ဆေးခဲ့ရာ အဆိုပါကျေးရွာနေ ဦးမောင်ဖေ (၆၃)နှစ်သည် ရွှေလှေကျေးရွာမှ နှင်းပုလဲကျေးရွာသို့ တစ်ဦးတည်း ဆိုင်ကယ်ဖြင့် မောင်းနှင်ပြန်လာစဉ် နှင်းပုလဲကျေးရွာအနီးအရောက် အသင့်စောင့်ဆိုင်းနေသည့် PDF အမည်ခံ အကြမ်းဖက်သမားနှစ်ဦး(စိစစ်ဆဲ) က သေနတ်ဖြင့် ပစ်ခတ်ထွက် ပြေးသွားခဲ့သဖြင့် ဦးမောင်ဖေတွင် ကျည်ထိမှန်ဒဏ်ရာများ ရရှိခဲ့၍ ဆေးကုသနိုင်ရေး ဘီးလင်းမြို့နယ်ပြည်သူ့ဆေးရုံသို့ ပို့ဆောင်ထားရှိကြောင်း သိရသည်။

ထိုသို့ အပြစ်မဲ့အရပ်သားပြည်သူများအား "ငါနှင့်မတူ၊ ငါ့ရန်သူ"ဟူသည့် တစ်ဖက်သတ် အစွန်းရောက် ဂိုဏ်းဂဏစွဲအပေါ် အခြေခံကာ အကြောင်းမဲ့ ပစ်ခတ်သတ်ဖြတ်မှု ကျူးလွန်ခဲ့သူများအား ဖော်ထုတ်ဖမ်းဆီး၍ ဥပဒေနှင့်အညီ အရေးယူနိုင်ရေး လုံခြုံရေးတပ်ဖွဲ့ဝင်များက ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

သတင်းစဉ်



မွန်ပြည်နယ် ဘီးလင်းမြို့နယ်၌ PDF အမည်ခံ အကြမ်းဖက်သမားများက သေနတ်ဖြင့် ပစ်ခတ်ခဲ့မှုကြောင့် အပြစ်မဲ့အရပ်သားပြည်သူတစ်ဦး ထိခိုက်ဒဏ်ရာရရှိမှု မှတ်တမ်းဓာတ်ပုံ။

# မန္တလေးတိုင်းဒေသကြီး ညောင်ဦးမြို့နယ်၌ PDF အမည်ခံ အကြမ်းဖက်သမားများက သေနတ်ဖြင့် ပစ်ခတ်သတ်ဖြတ်မှုကြောင့် အပြစ်မဲ့အရပ်သားပြည်သူတစ်ဦးသေဆုံး

နေပြည်တော် ဧပြီ ၇

လက်နက်ကိုင် အစွန်းရောက် အကြမ်းဖက်သမားများအနေဖြင့် တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ မြို့နယ်အချို့တွင် အပြစ်မဲ့အရပ်သားပြည်သူများအား ပြည်သူလူထုအတွင်း အကြောက်တရားများ လွှမ်းမိုးစေရန်လည်းကောင်း၊ ၎င်းတို့နှင့် အမြင်အယူအဆမတူသူ အရပ်သားပြည်သူများအား "သူလျှို၊ ဒလန်၊ သတင်းပေး"ဟုစွပ်စွဲ၍လည်းကောင်း၊ "ငါနှင့် မတူ၊ ငါ့ရန်သူ"ဟူသည့် တစ်ဖက်သတ်အစွန်းရောက် ဂိုဏ်းဂဏစွဲအပေါ် အခြေခံကာ ဓား၊ သေနတ်များ အသုံးပြု၍ ရက်စက်စွာ လုပ်ကြံတိုက်ခိုက်၊ သတ်ဖြတ်ခြင်းများ ပြုလုပ်လျက်ရှိသည်။

ထိုသို့ လုပ်ဆောင်လျက်ရှိရာ ဧပြီ ၆ ရက် နံနက် ၁၀ နာရီ ၄၅ မိနစ်တွင် မန္တလေးတိုင်းဒေသကြီး ညောင်ဦးမြို့နယ် ငါ့သရောက်မြို့ အမှတ် (၃) ရပ်ကွက်၌ သေနတ်ဖြင့် ပစ်ခတ်ခံရ၍ အမျိုးသားတစ်ဦး သေဆုံးခဲ့ကြောင်း သတင်းအရ လုံခြုံရေးတပ်ဖွဲ့ဝင်များက သွားရောက်စစ်ဆေးခဲ့ရာ အဆိုပါရပ်ကွက်နေ ဦးအောင်စိုး(၅၇)နှစ်သည် ၎င်း၏နေအိမ်၌ ရှိနေစဉ် PDF အမည်ခံ အကြမ်းဖက်သမားနှစ်ဦး (စိစစ်ဆဲ)က ဆိုင်ကယ်တစ်စီးဖြင့် ရောက်ရှိလာပြီး သေနတ်ဖြင့် ပစ်ခတ်သတ်ဖြတ်သွားခဲ့သဖြင့် ဦးအောင်စိုးတွင် ကျည်ထိမှန်ဒဏ်ရာများ ရရှိကာ သေဆုံးသွားခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

ထိုသို့ အပြစ်မဲ့အရပ်သားပြည်သူများအား "ငါနှင့်မတူ၊ ငါ့ရန်သူ"ဟူသည့် တစ်ဖက်သတ် အစွန်းရောက် ဂိုဏ်းဂဏစွဲအပေါ် အခြေခံကာ အကြောင်းမဲ့ ပစ်ခတ်သတ်ဖြတ်မှု ကျူးလွန်ခဲ့သူများအား ဖော်ထုတ်ဖမ်းဆီး၍ ဥပဒေနှင့်အညီ အရေးယူနိုင်ရေး လုံခြုံရေးတပ်ဖွဲ့ဝင်များက ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

သတင်းစဉ်



မန္တလေးတိုင်းဒေသကြီး ညောင်ဦးမြို့နယ်၌ PDF အမည်ခံ အကြမ်းဖက်သမားများက သေနတ်ဖြင့် ပစ်ခတ်သတ်ဖြတ်မှုကြောင့် အပြစ်မဲ့အရပ်သားပြည်သူတစ်ဦးသေဆုံးမှု မှတ်တမ်းဓာတ်ပုံ။

# နိုင်ငံတကာ အားကစား သတင်းများ

## နီနီမာဒူကီအား ခေါ်ယူရန် အက်စတွန်ဗီလာအသင်း သဘောတူညီမှု ရရှိ



**လန်ဒန် ဧပြီ ၇**

အက်စတွန်ဗီလာအသင်းသည် ချဲလ်ဆီးအသင်းတောင်ပံကစားသမား နီနီမာဒူကီအား ခေါ်ယူရန် သဘောတူညီမှု ရရှိခဲ့ကြောင်း သတင်းများက ဖော်ပြခဲ့သည်။

အသက်(၂၃)နှစ်အရွယ်ရှိ တောင်ပံကစားသမားသည် ချဲလ်ဆီးအသင်းနှင့်အတူ ၂၀၂၂-၂၀၂၃ မှ ၂၀၂၄-၂၀၂၅ ဘောလုံးရာသီအထိ ပြိုင်ပွဲစုံ ၇၆ ပွဲ ကစားပြီး ၁၇ ဂိုး သွင်းယူကာ ခြေစွမ်းပြထားသည်။

တောင်ပံကစားသမား နီနီမာဒူကီကိုယ်တိုင်ကလည်း ချဲလ်ဆီးအသင်းတာဝန်ရှိသူများနှင့် အဆင်မပြေဖြစ်နေခြင်းကြောင့် အက်စတွန်ဗီလာအသင်း၏ ကမ်းလှမ်းလာမှုကို လက်ခံခဲ့ကြောင်းလည်း သတင်းများ ဖော်ပြလာသည်။

ထို့ကြောင့် နီနီမာဒူကီအနေဖြင့် လက်ရှိထွက်ပေါ်နေသည့် သတင်းများအတိုင်း လာမည့်ဘောလုံးရာသီအသစ်တွင် အက်စတွန်ဗီလာအသင်း ကစားသမားသစ်အဖြစ် မြင်တွေ့ရမည်လားဆိုသည်မှာ စိတ်ဝင်စားဖွယ် စောင့်ကြည့်ရမည် ဖြစ်သည်။

(ဝဲပုံ)

(NGB)

## နည်းပြ မော်ရင်ဟို ပြိုင်ဘက်နည်းပြအား ကိုယ်ထိလက်ရောက် ကျူးလွန်မှုကြောင့် ၃ပွဲပယ် ပြစ်ဒဏ် ချမှတ်ခံရ

**လန်ဒန် ဧပြီ ၇**

ဖီနာဘာချီအသင်းနည်းပြ မော်ရင်ဟိုသည် ပြိုင်ဘက်အသင်းနည်းပြဖြစ်သူ ဂါလာတာစာရေးနည်းပြ အိုကန်ဘူရုပ်ခ်အား ကိုယ်ထိလက်ရောက် ကျူးလွန်မှုကြောင့် ၃ ပွဲပယ် ပြစ်ဒဏ် ချမှတ်ခြင်း ခံခဲ့ရသည်။



နည်းပြ မော်ရင်ဟိုသည် တူရကီရှုံးထွက်ပွဲစဉ်အဖြစ် ဖီနာဘာချီအသင်းက ဂါလာတာစာရေးအသင်းအား နှစ်ဂိုး၊ တစ်ဂိုးဖြင့် ရှုံးနိမ့်ခဲ့သည့်ပွဲစဉ်တွင် ပြိုင်ဘက်အသင်းနည်းပြဖြစ်သူ၏ နှာခေါင်းညှစ်မှုကြောင့် ယခုလို ပြစ်ဒဏ် ချမှတ်ခြင်းခံခဲ့ရသည်။

နည်းပြမော်ရင်ဟိုသည် ဖီနာဘာချီအသင်းအား ၂၀၂၄ခုနှစ် ဇွန်လက စတင်ကိုင်တွယ်ပြီး ပြိုင်ပွဲ ၄၇ပွဲကိုင်တွယ်ရာ ၂၉ပွဲနိုင်၊ ၁၁ပွဲသရေ၊ ၇ပွဲရှုံး ရလဒ်ပိုင်ဆိုင်ထားသည်။

ဖီနာဘာချီအသင်းသည် ယခုနှစ်ဘောလုံးရာသီ တူရကီစူပါလိဂ်ပြိုင်ပွဲ ၂၈ ပွဲ ကစားအပြီးတွင် ရမှတ် ၆၅ မှတ်ဖြင့် အဆင့်(၂)နေရာတွင် ရပ်တည်ခဲ့သည်။

(အပေါ်ပုံ) (NGB)

## ဂျင်ဖီလစ်ပီမာတီတာအား ခေါ်ယူရန် ဥရောပကလပ်အသင်းများ အပြိုင်စိတ်ဝင်စား

**လန်ဒန် ဧပြီ ၇**

ဥရောပကလပ်အသင်းများဖြစ်သည့် မန်ချက်စတာယူနိုက်တက်၊ ဂျူဗင်တပ်၊ ဘိုင်ယန်မြူးနစ်အသင်းတို့သည် ခရစ္စတယ်ပဲလေ့စ်အသင်း တိုက်စစ်မှူး ဂျင်ဖီလစ်ပီမာတီတာအား ခေါ်ယူရန် အပြိုင်စိတ်ဝင်စားလျက်ရှိသည်။

အသက်(၂၇)နှစ် အရွယ်ရှိ တိုက်စစ်မှူးသည် ခရစ္စတယ်ပဲလေ့စ်အသင်းနှင့်အတူ ၂၀၂၁-၂၀၂၂ မှ ၂၀၂၄-၂၀၂၅ ဘောလုံးရာသီအထိ ပြိုင်ပွဲစုံ ၁၂၅ ပွဲ ကစားပြီး ၄၂ဂိုး သွင်းယူကာ ခြေစွမ်းပြနိုင်ခဲ့ခြင်းကြောင့် ဥရောပကလပ်အသင်းများစွာက ခေါ်ယူရန် စိတ်ဝင်စားလာခြင်း ဖြစ်သည်။

ခရစ္စတယ်ပဲလေ့စ်အသင်းကလည်း ဂျင်ဖီလစ်ပီမာတီတာအတွက် မြင့်မားသည့် ပြောင်းရွှေ့ကြေးတစ်ရပ်ရရှိပါက မည်သည့်အသင်းကိုမဆို ရောင်းချသွားဖွယ်ရှိသည်။

ထို့ကြောင့် ဥရောပကလပ်အသင်းများဖြစ်သည့် မန်ချက်စတာယူနိုက်တက်၊ ဂျူဗင်တပ်၊ ဘိုင်ယန်မြူးနစ်အသင်းတို့အနေဖြင့် လာမည့် နွေရာသီဈေးကွက်အတွင်းတွင် ခရစ္စတယ်ပဲလေ့စ်အသင်းထံမှ ဂျင်ဖီလစ်ပီမာတီတာအား မည်သည့်အသင်းက ခေါ်ယူသွားနိုင်မည်လဲဆိုသည်မှာ စိတ်ဝင်စားဖွယ် စောင့်ကြည့်ရမည် ဖြစ်သည်။

(အောက်ပုံ)

(NGB)






## ဆောက်သမ်တန်အသင်း အင်္ဂလိပ်ချန်ပီယံရှစ်သို့ တန်းဆင်းခဲ့ရ

**လန်ဒန် ဧပြီ ၇**

ပရီးမီးယားလိဂ်ပွဲစဉ် (၃၁) ကစားအပြီးတွင် ဆောက်သမ်တန်အသင်းသည် အင်္ဂလိပ်ချန်ပီယံရှစ်သို့ တန်းဆင်းခဲ့ရသည်။

ဆောက်သမ်တန်အသင်းသည် ယခုနှစ်ဘောလုံးရာသီ ပရီးမီးယားလိဂ်ပွဲစဉ် ၃၁ပွဲကစားအပြီးတွင် ရမှတ် ၁၀မှတ်သာ ရရှိထားသေးပြီး အဆင့် ၂၀နေရာတွင် ရပ်တည်ကာ အဆင့် ၁၇နေရာမှ ဝုဖ်အသင်းနှင့် ၂၂မှတ်ထိ ကွာဟနေမှုကြောင့် ပရီးမီးယားလိဂ်ပြိုင်ပွဲပြီးဆုံးရန် ၇ပွဲအလိုမှာပင် အင်္ဂလိပ်ချန်ပီယံရှစ်သို့ စောစီးစွာ တန်းဆင်းခဲ့ရသည်။

ထို့အပြင် ဆောက်သမ်တန်အသင်းသည် ပရီးမီးယားလိဂ်သမိုင်းတစ်လျှောက်တွင်လည်း အစောဆုံး တန်းဆင်းရသည့် အသင်းအဖြစ် အဆိုးရွားဆုံး မှတ်တမ်းဝင်ခဲ့သည်။

(အပေါ်ပုံ)

(NGB)

## မာကွင်ဟိုစ် ပြင်သစ်လီဂူးပြိုင်ပွဲမှာ ချန်ပီယံဆု (၁၀)ကြိမ်တိုင်တိုင် ကိုင်မြှောက်နိုင်သည့် ပထမဆုံးကစားသမားအဖြစ် မှတ်တမ်းဝင်

**ပါရီ ဧပြီ ၇**

ပီအက်စ်ဂျီအသင်း ဝါရင့်နောက်ခံကစားသမား မာကွင်ဟိုစ်သည် ပြင်သစ်လီဂူးပြိုင်ပွဲတွင် ချန်ပီယံဆုအား (၁၀)ကြိမ်တိုင်တိုင် ကိုင်မြှောက်နိုင်သည့် ပထမဆုံး ကစားသမားအဖြစ် စံချိန်မှတ်တမ်းဝင်ခဲ့သည်။




အဆိုပါ ဝါရင့်နောက်ခံကစားသမားသည် ၂၀၂၄-၂၀၂၅ ဘောလုံးရာသီတွင် ပီအက်စ်ဂျီအသင်းအား ပြင်သစ်လီဂူး ချန်ပီယံဆု ဆွတ်ခူးရရှိအောင် စွမ်းဆောင်ပေးနိုင်ခဲ့ပြီးနောက် ယခုလို မှတ်တမ်းတစ်ရပ် ပိုင်ဆိုင်ခဲ့ခြင်းဖြစ်သည်။

ဝါရင့်နောက်ခံကစားသမား မာကွင်ဟိုစ်သည် ပီအက်စ်ဂျီအသင်းတွင် ၁၂ နှစ်တာ ကစားခဲ့ပြီး လိဂ်ချန်ပီယံဆု (၁၀)ကြိမ်ထိ ဆွတ်ခူးနိုင်ခဲ့သည်။

ထို့အပြင် အသက်(၃၀)နှစ်အရွယ်ရှိ ဝါရင့်နောက်ခံကစားသမားမာကွင်ဟိုစ်သည် ပီအက်စ်ဂျီအသင်းနှင့်အတူ ၂၀၁၃-၂၀၁၄မှ ၂၀၂၄-၂၀၂၅ ဘောလုံးရာသီအထိ ပြိုင်ပွဲပေါင်း ၄၇၇ ပွဲ ကစားကာ ၁၀ ဂိုးအထိလည်း သွင်းယူနိုင်ခဲ့သည်။

(အပေါ်ပုံ) (NGB)

### ချန်ပီယံလိဂ် ကွာတားဖိုင်နယ်အဆင့် (ပ-ကျော့) ဘောလုံးပြိုင်ပွဲ ပွဲစဉ်ဇယား

နိုင်ငံကမ္ဘာ

| ယှဉ်ပြိုင်ရက် | အချိန် | ပွဲစဉ် |
|---|---|---|
| ၉-၄-၂၀၂၅ ဗုဒ္ဓဟူးနေ့ | နံနက် ၁း၃၀ နာရီ | အာဆင်နယ် - ရီးရဲလ်မက်ဒရစ် |
| ။ | ။ | ဘိုင်ယန်မြူးနစ် - အင်တာမီလန် |

### ဘောလုံး သတင်း အတို အထွာ များ

* လီဗာပူးအသင်းသည် အာဆင်နယ်၊ မန်ချက်စတာယူနိုက်တက်အသင်းတို့နှင့်အပြိုင် ဖရန့်ဖတ်အသင်းတိုက်စစ်မှူး အီကီတီကီအားခေါ်ယူရန် စိတ်ဝင်စားလျက်ရှိနေသည်။

* စီးရီးအေကလပ် ဂျူဗင်တပ်အသင်းသည် ပီအက်စ်ဂျီအသင်းမှ အငှားဖြင့် ခေါ်ယူထားသည့် တိုက်စစ်မှူး ကိုလိုမွာအာနီအား အပြီးသတ် ခေါ်ယူသွားမည်မဟုတ်ကြောင်း ထုတ်ပြန်ကြေညာခဲ့သည်။ (NGB)

### အင်္ဂလိပ်ချန်ပီယံရှစ် ဘောလုံးပြိုင်ပွဲ(ပွဲစဉ်-၄၁)ဇယား

နိုင်ငံကမ္ဘာ

| ယှဉ်ပြိုင်ရက် | အချိန် | ပွဲစဉ် |
|---|---|---|
| ၉-၄-၂၀၂၅ ဗုဒ္ဓဟူးနေ့ | နံနက် ၁း၁၅ နာရီ | ဘလက်ဘန် - ရှက်ဖီးလ်(Wed) |
| ။ | ။ | ဘရစ္စတိုး - ဝက်စ်ဘရွန်း |
| ။ | ။ | နော်ဝစ်ချ် - ဆန်းဒါးလန်း |
| ။ | ။ | ပရက်စတန် - ကာဒစ် |
| ။ | ။ | ရှက်ဖီးလ်(Utd) - မီဝေါလ် |
| ။ | ။ | စတုတ်စီးတီး - လူတန် |
| ။ | ။ | ဒါဘီ - ဘန်လေ |
| ။ | နံနက် ၁း၃၀ နာရီ | မစ်ဒယ်ဘာရော့ - လိဒ်စ် |

## 2025 Credit One Charleston Open တင်းနစ်ပြိုင်ပွဲ ချန်ပီယံဆုကို Jessica Pegula ဆွတ်ခူး

**ဝါရှင်တန် ဧပြီ ၇**

အမေရိကန်နိုင်ငံတွင် ကျင်းပပြုလုပ်လျက်ရှိသော အမျိုးသမီးတင်းနစ်ပြိုင်ပွဲဖြစ်သည့် 2025 Credit One Charleston Open တင်းနစ်ပြိုင်ပွဲ ချန်ပီယံဆုကို အမေရိကန်တင်းနစ်မယ် Jessica Pegula က ထိုက်ထိုက်တန်တန် ဆွတ်ခူးခဲ့သည်။



အဆိုပါ အမေရိကန်တင်းနစ်မယ် Jessica Pegula သည် 2025 Credit One Charleston Open တင်းနစ်ပြိုင်ပွဲ ဗိုလ်လုပွဲအဆင့်တွင် တစ်နိုင်ငံတည်းနေသူ တင်းနစ်မယ် Sofia Kenin အား ၆-၃၊ ၇-၅ဖြင့် အနိုင်ရရှိကာ ချန်ပီယံဆုအား ဆွတ်ခူးခဲ့ခြင်း ဖြစ်သည်။

အသက်(၃၁)နှစ်အရွယ်ရှိ Jessica Pegula က "ကျွန်မအခုလို 2025 Credit One Charleston Open တင်းနစ်ပြိုင်ပွဲ ချန်ပီယံဆုအား ဆွတ်ခူးခဲ့လို့ အတိုင်းမသိ ပျော်ရွှင်မိပါတယ်။ နောက်ထပ်လည်း ယခုလိုဆုတွေနဲ့ နိုင်ငံ့အတွက် ဂုဏ်ဆောင်နိုင်ဖို့ ဆက်လက်ကြိုးစားသွားမှာပါ" ဟု ပြောသည်။

(ဝဲပုံ)

(NGB)

## ကုန်သွယ်မှုဆိုင်ရာ အခွန်သစ်များကို ကြေညာပြီးနောက် နိုင်ငံပေါင်း ၅၀ ကျော်က အိမ်ဖြူတော်သို့ ဆက်သွယ်လာ




**ဝါရှင်တန် ဧပြီ ၇**

အမေရိကန်သမ္မတ ဒေါ်နယ်လ်ထရမ့်က ကုန်သွယ်မှုဆိုင်ရာ အခွန်သစ်များကို ကြေညာပြီးနောက် နိုင်ငံပေါင်း ၅၀ ကျော်က အိမ်ဖြူတော်သို့ ကုန်သွယ်ရေးဆွေးနွေးမှုများ စတင်ရန် ဆက်သွယ်လာသည်ဟု ထိပ်တန်းအရာရှိများက ဧပြီ ၆ ရက်တွင် ပြောကြားကြောင်း ဘီဘီစီသတင်းဌာနက ဖော်ပြသည်။

အဆိုပါ အခွန်များကြောင့် ယခင်အပတ်က အမေရိကန်စတော့ဈေးကွက်တန်ဖိုး အမေရိကန်ဒေါ်လာ ၆ ထရီလီယံနီးပါး ကျဆင်းသွားခဲ့သော်လည်း စီးပွားရေးအပေါ် သက်ရောက်မှုကို လျှော့ပေါ့ပြောဆိုခဲ့ကြသည်။

အမေရိကန်ကို ကမ္ဘာ့ကုန်သွယ်ရေးအစဉ်အလာအသစ်တွင် ပါဝင်လာစေရန် ဤအခွန်များကို စနစ်တကျ ချမှတ်ခဲ့သည်ဟု ထရမ့်၏ အကြီးတန်းစီးပွားရေးအကြံပေးများက ရှင်းပြခဲ့ကြောင်း ဧပြီ ၆ ရက် နံနက်ပိုင်း ရုပ်သံအစီအစဉ်များတွင် ဖော်ပြသည်။

ကုန်သွယ်ရေးကြေညာချက်အပြီးတွင် နိုင်ငံပေါင်း ၅၀ ကျော်က အမေရိကန်နှင့် ညှိနှိုင်းဆွေးနွေးမှုများ စတင်ခဲ့ပြီး ထရမ့်အားသြဇာလွှမ်းမိုးမှုအနေအထားသို့ ရောက်ရှိစေခဲ့သည်ဟု ဘဏ္ဍာရေးဝန်ကြီး စကော့ဘက်ဆန့်က ပြောကြားခဲ့သည်။

ဘက်ဆန့်က စတော့ဈေးကွက်ကျဆင်းမှုကို အရေးမကြီးဟု လျှော့ပေါ့ပြောဆိုခဲ့ပြီး အခွန်များကြောင့် စီးပွားရေးကျဆင်းမှုကို မျှော်လင့်စရာအကြောင်းမရှိဟု ဝေဖန်ကာ အမေရိကန်အလုပ်အကိုင်တိုးတက်မှုက မျှော်မှန်းထားသည်ထက် ပိုမိုကောင်းမွန်နေသေးသည်ဟုလည်း ထောက်ပြခဲ့ကြောင်း သိရသည်။

**Mon**

0-0-0-0-0

## ဆေးရုံမှ ဆင်းခဲ့သော ပုပ်ရဟန်းမင်းကြီး ဖရန်စစ် ဗာတီကန်ရှိ စိန့်ပီတာရင်ပြင်သို့ မထင်မှတ်ဘဲ ရောက်ရှိလာ

**ရောမ ဧပြီ ၇**

ငါးပတ်ကြာ ကုသမှုခံယူပြီးနောက် ဆေးရုံမှ ဆင်းခဲ့သော ပုပ်ရဟန်းမင်းကြီး ဖရစ်စစ်သည် ဗာတီကန်ရှိ စိန့်ပီတာရင်ပြင်သို့ ယမန်နေ့က မထင်မှတ်ဘဲ ရောက်ရှိလာခဲ့ကြောင်း စီအင်န်အင်န်သတင်းဌာနက ဖော်ပြသည်။

ပုပ်ရဟန်းမင်းကြီးသည် အောက်စီဂျင်နှာခေါင်းပိုက်မပါဘဲ ဘီးတပ်ကုလားထိုင်စီးနင်းလျက် ခဏတာပေါ်ထွက်လာခဲ့ပြီး "အားလုံးကို မင်္ဂလာပါ၊ သင်တို့အားလုံးကို မင်္ဂလာတနင်္ဂနွေနေ့ဖြစ်ပါစေ၊ ကျေးဇူးတင်ပါတယ်"ဟု မြွက်ကြားကာ ပရိသတ်များအား လက်ပြနှုတ်ဆက်ခဲ့သည်။

အသက် ၈၈ နှစ်ရှိပြီဖြစ်သော ပုပ်ရဟန်းမင်းကြီးသည် မတ်လ ၂၃ ရက်နေ့တွင် ရောမမြို့ရှိ ဆေးရုံမှ ဆင်းလာခဲ့ပြီး ထိုအချိန်ကလည်း ၎င်း၏ ပြတင်းပေါက်မှ ပရိသတ်ကို ကောင်းချီးပေးခဲ့သည်။

ဆရာဝန်များက ထိုအချိန်က ပုပ်ရဟန်းမင်းကြီးအနေဖြင့် အနည်းဆုံး နှစ်လကြာ ၎င်း၏နေအိမ်တွင် အနားယူရန် လိုအပ်ကြောင်း ပြောဆိုခဲ့သည်။ သူ၏ ကျန်းမာရေး တိုးတက်နေပြီး အလုပ်လုပ်ဆောင်မှုများ ဆက်လက်လုပ်ကိုင်နေစဉ် စိတ်အင်အားလည်း ပြည့်ဝနေသည်ဟု ဗာတီကန်သာသနာက ထုတ်ပြန်ခဲ့ကြောင်း သိရသည်။

**Mon**



အမေရိကန်ပြည်ထောင်စု နယူးယောက်မြို့တစ်နေရာတွင် သမ္မတ ဒေါ်နယ်လ်ထရမ့်၏ ကုန်သွယ်ခွန်များကို ဧပြီ ၆ ရက်က လူပေါင်းထောင်နှင့်ချီ၍ ကန့်ကွက်နေကြစဉ်။ **Mon**




# INTERNATIONAL NEWS
# နိုင်ငံတကာသတင်းများ




## မြောက်အိုင်ယာလန်နိုင်ငံ ဒေါင်းစီရင်စုနယ်တွင် တောမီးလောင် မီးသတ်တပ်ဖွဲ့ဝင်များက ထိန်းချုပ်ရန် ကြိုးပမ်းနေ

**ဒဗ္ဗလင် ဧပြီ ၇**

မြောက်အိုင်ယာလန်နိုင်ငံ ဒေါင်းစီရင်စုနယ်တွင် ကြီးမားသော မီးလောင်မှုဖြစ်ပွားပြီးနောက် နာရီအနည်းငယ်အကြာတွင် မော်န်တောင်တန်းများတွင် တောမီးလောင်မှုများ ထပ်မံဖြစ်ပွားနေပြီး မီးသတ်တပ်ဖွဲ့ဝင်များက ထိန်းချုပ်ရန် ကြိုးစားနေကြောင်း ဘီဘီစီသတင်းဌာနက ဖော်ပြသည်။

ယမန်နေ့ ဒေသစံတော်ချိန် ညနေ ၅ နာရီခန့်က ဟီးလ်တောင်မြို့ရှိ ဆန်းဘင့်လမ်းတွင် နောက်တစ်ကြိမ် တောမီးတောက်လောင်မှု စတင်ဖြစ်ပွားခဲ့ပြီးနောက် သက်ဆိုင်ရာက အရေးပေါ်အခြေအနေ ကြေညာပြီး လူနေအိမ်ခြေများစွာကိုလည်း ရွှေ့ပြောင်းစေခဲ့သည်။

ထိုမီးလောင်မှုကို မီးရှို့မှုအဖြစ် စုံစမ်းစစ်ဆေးလျက်ရှိပြီး သံသယရှိသူ ယောကျ်ားတစ်ဦးကို ဖမ်းဆီးထားကြောင်း ရဲအရာရှိတစ်ဦးက ပြောသည်။

အခြားတစ်ဖက်တွင်လည်း တနင်္ဂနွေ နံနက်ပိုင်းတွင် နယူးကတ်စ်တိုင်၏ ဆိုင်လင့်ဗယ်လီနှင့် ဘင်ခရမ်ဒေသများတွင် ဖြစ်ပွားနေသော တောမီးများကို ထိန်းချုပ်ရန် မီးသတ်တပ်ဖွဲ့များ စေလွှတ်ခဲ့ပြီး တစ်နေ့တာလုံး ဆောင်ရွက်ရမည်ဟု မျှော်မှန်းထားကြောင်း သိရသည်။ **Mon**



## အမေရိကန်သို့ ကားတင်ပို့မှု ယာယီရပ်ဆိုင်းမည်ဟု ကြေညာပြီးနောက် ဂျာဂွာလန်းဒ်ရိုဗာကုမ္ပဏီက စည်းမျဉ်းအသစ်များကို ဖြေရှင်းနေ

**လန်ဒန် ဧပြီ ၇**

ဂျာဂွာလန်းဒ်ရိုဗာ ကုမ္ပဏီသည် အမေရိကန်သို့ ကားတင်ပို့မှုအားလုံးကို "ယာယီရပ်ဆိုင်းမည်"ဟု ကြေညာခဲ့ပြီး ယခုအပတ်အစောပိုင်းက စည်းကမ်းချက်များ ချမှတ်ခဲ့ပြီးနောက် ကုန်သွယ်ရေးစည်းမျဉ်းသစ်များကို ကိုင်တွယ်ဖြေရှင်းရန် လုပ်ဆောင်နေကြောင်း ဘီဘီစီသတင်းဌာနက ဖော်ပြသည်။

အမေရိကန်သမ္မတ ဒေါ်နယ်လ်ထရမ့်က ကြေညာခဲ့သည့် လုပ်ဆောင်ချက်များထဲမှ တစ်ခုဖြစ်သော ကားတင်သွင်းမှုအပေါ် ကောက်ခံမည့် ၂၅ ရာခိုင်နှုန်း အကောက်ခွန်ကို ကြာသပတေးနေ့က စတင်အာဏာသက်ရောက်စေခဲ့ပြီး ကမ္ဘာလုံးဆိုင်ရာ ထောက်ပံ့ရေးကွင်းဆက်များကို လှုပ်ခတ်စေခဲ့သည်။

အမေရိကန်သည် ဥရောပသမဂ္ဂပြီးလျှင် ဗြိတိန်ကားလုပ်ငန်း၏ ဒုတိယအကြီးဆုံးတင်ပို့ဈေးကွက်ဖြစ်သည်။

ဂျာဂွာလန်းဒ်ရိုဗာကုမ္ပဏီ၏ ပြောရေးဆိုခွင့်ရှိသူက မိန့်ခွန်းတစ်ရပ်တွင် "အလတ်စားနှင့် ရေရှည်အစီအစဉ်များ ရေးဆွဲနေစဉ် ဧပြီလအတွင်း ကားတင်ပို့မှု ယာယီရပ်ဆိုင်းခြင်းအပါအဝင် အချို့သော ရေတိုလုပ်ဆောင်ချက်များကို ဆောင်ရွက်နေသည်"ဟု ပြောကြားသည်။

ဆော်လီဟာနှင့် ဝူဖာဟမ်တွင်လည်း စက်ရုံများရှိသည့် ကိုဗင်ထရီအခြေစိုက် ထိုကားထုတ်လုပ်ရေးကုမ္ပဏီက အမေရိကန်သည် မိမိတို့၏ ဇိမ်ခံကားအမှတ်တံဆိပ်များအတွက် အရေးကြီးသော ဈေးကွက်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

ဗြိတိန်မှ အမေရိကန်သို့ အခြားကုန်ပစ္စည်းများထက် ကားများကို ပိုမိုတင်ပို့လျက်ရှိသည်။ ၂၀၂၄ ခုနှစ် တတိယလေးပုံတစ်ပုံကုန်ဆုံးချိန်အထိ ၁၂ လအတွင်း ယင်းတန်ဖိုးသည် ဗြိတိန်ပေါင် ၈ ဒသမ ၃ ဘီလီယံရှိခဲ့ကြောင်း သိရသည်။ **Mon**

## ဂင်္ဂါမြစ်ထဲ၌ လင်းပိုင်အကောင်ရေ ထောင်နှင့်ချီ နေထိုင်သော်လည်း ယခုအခါ ထိုလင်းပိုင်များ မျိုးသုဉ်းမည့် အန္တရာယ်နှင့် ရင်ဆိုင်နေရ

**ဒေလီ ဧပြီ ၇**

အိန္ဒိယနိုင်ငံ၏ အရှည်လျားဆုံးနှင့် အပြစ်ကင်းစင်ပြီး အထွတ်အမြတ်ထားရာ ဂင်္ဂါမြစ်သည် လင်းပိုင်အကောင်ရေ ထောင်နှင့်ချီ၍ နေထိုင်သော နေရာဖြစ်သော်လည်း ယခုအခါ ထိုလင်းပိုင်များ မျိုးသုဉ်းမည့်အန္တရာယ်နှင့် ရင်ဆိုင်နေရကြောင်း ဘီဘီစီသတင်းဌာနက ဖော်ပြသည်။

သို့ရာတွင် ထိုလင်းပိုင်များသည် သမုဒ္ဒရာများတွင် တွေ့ရသော လင်းပိုင်များနှင့် မတူဘဲ ကွာခြားကြသည်။ ၎င်းတို့သည် ရေထဲမှ အံ့ဖွယ်ကောင်းသော ခုန်ပေါက်မှုများဖြင့် မခုန်ထွက်ကြဘဲ ရေမျက်နှာပြင်ပေါ်သို့ ကြာရှည်စွာလည်း မျောပါမနေနိုင်သော လင်းပိုင်မျိုးစိတ်များဖြစ်ကြသည်။

ဂင်္ဂါလင်းပိုင်မျိုးစိတ်များမှာ မြစ်လင်းပိုင်တစ်မျိုးဖြစ်ပြီး အမျိုးသားအထိမ်းအမှတ် ရေနေသတ္တဝါလည်းဖြစ်သည်။ ၎င်းတို့ကို နိုင်ငံ၏ မြောက်ပိုင်းရှိ ဂင်္ဂါ-ဗြဟ္မပုတ္တရမြစ်စနစ်တွင် အများဆုံးတွေ့ရှိရသည်။

လေ့လာမှုအသစ်တစ်ခုအရ အိန္ဒိယမြစ်များတွင် လင်းပိုင်အကောင်ရေ စုစုပေါင်း ၆၃၂၇ ကောင်ရှိသည်ဟု ဆိုသည်။ အဆိုပါ လင်းပိုင်များထဲတွင် ဂင်္ဂါလင်းပိုင် ၆၃၂၄ ကောင်နှင့် အိန္ဒုလင်းပိုင် ၃ ကောင်သာပါဝင်သည်။ အိန္ဒုလင်းပိုင်းအများစုကို ပါကစ္စတန်နိုင်ငံတွင် တွေ့ရှိရပြီး အဆိုပါမြစ်သည် တောင်အာရှနိုင်ငံနှစ်ခုဖြစ်သော အိန္ဒိယနှင့် ပါကစ္စတန်တို့ကို ဖြတ်သန်းစီးဆင်းသောကြောင့် ဖြစ်သည်။

ဤလင်းပိုင်မျိုးစိတ်နှစ်ခုစလုံးကို မျိုးသုဉ်းမည့် အန္တရာယ်ရှိသည်ဟု အပြည်ပြည်ဆိုင်ရာ သဘာဝထိန်းသိမ်းရေးအဖွဲ့က သတ်မှတ်ထားသည်။

အိန္ဒိယ၏ မြစ်လင်းပိုင်အရေအတွက်ကို ပြည့်စုံစွာ ရေတွက်နိုင်ရန် အိန္ဒိယတောရိုင်းတိရစ္ဆာန်သုတေသနအဖွဲ့မှ သုတေသီများသည် ၂၀၂၁ ခုနှစ်မှ ၂၀၂၃ ခုနှစ်အတွင်း ပြည်နယ် ၁၀ ခုရှိ မြစ် ၅၈ စင်းကို စစ်တမ်းကောက်ယူခဲ့ကြောင်း သိရသည်။ **Mon**



## စားအုန်းဆီအခြေခံလက်ကားရည်ညွှန်းဈေးနှုန်း လေးလတာကာလအတွင်း ငွေကျပ် ၅၁၀ ဈေးကျဆင်း

**မန္တလေး ဧပြီ ၇**

စားအုန်းဆီ အခြေခံလက်ကားရည်ညွှန်းဈေးနှုန်း ယခုတစ်ပတ်မှာတစ်ပိဿာလျှင် ငွေကျပ် ၆၇၇၀ဖြစ်ကြောင်း စားသုံးသူရေးရာဦးစီးဌာနမှ ထုတ်ပြန်ကြေညာထားသည်။

ပြီးခဲ့သည့် တစ်ပတ် (၃၁.၃.၂၀၂၅)ရက်မှ (၆.၄.၂၀၂၅) ရက်အထိ စားအုန်းဆီ ရန်ကုန်အထိုင်ဈေးအခြေခံလက်ကား ရည်ညွှန်းဈေးသည် တစ်ပိဿာလျှင် ငွေ ကျပ် ၆၇၉၅ ဖြစ်ခဲ့ပြီး ယခုတစ်ပတ်(၇.၄.၂၀၂၅)ရက်မှ (၁၃.၄.၂၀၂၅)ရက်အထိ ရည်ညွှန်းဈေးသည်လည်း ငွေကျပ် ၆၇၇၀ ဖြစ်သဖြင့် ၂၅ ကျပ် ဈေးကျသွားခြင်း ဖြစ်သည်။

စားအုန်းဆီ အဓိကထုတ်လုပ်တင်ပို့သည့် အင်ဒိုနီးရှားနှင့် မလေးရှားနိုင်ငံတို့မှ မြန်မာနိုင်ငံသို့ CIF စနစ်အရ တင်သွင်းနေသည့် စားအုန်းဆီတစ်တန်ဈေးနှုန်းမှာ ၂၀၂၅ ခုနှစ် ဇန်နဝါရီ ၁ ရက်တွင် အမေရိကန်ဒေါ်လာ ၁၂၉၅ ရှိခဲ့ရာမှ မတ်လ စတုတ္ထပတ်တွင် ၁၂၀၂ ဒေါ်လာ ဖြစ်ပြီး ၉၃ ဒေါ်လာခန့် ကျဆင်းခဲ့ရာ ပြည်တွင်းလက်ကားရည်ညွှန်းဈေး တစ်ပိဿာဈေးနှုန်းမှာ ၂၀၂၅ ခုနှစ် ဇန်နဝါရီ ၁ ရက်တွင် ငွေကျပ် ၇၂၈၀ ဖြစ်ခဲ့ရာမှ ၂၀၂၅ ခုနှစ် ဧပြီ ၇ ရက်တွင် ငွေကျပ် ၆၇၇၀ သို့ကျဆင်းလာခဲ့သဖြင့် လေးလတာကာလအတွင်း ငွေကျပ် ၅၁၀ ကျဆင်းလာကြောင်း သိရသည်။

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ စားသုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်း ကြီးကြပ်ရေးကော်မတီအနေဖြင့် စားအုန်းဆီကမ္ဘာ့ဈေးနှုန်း ဖြစ်ပေါ်ပြောင်းလဲမှုနှင့်အညီ ပြည်တွင်း၌ ဖြစ်သင့်ဖြစ်ထိုက်သည့် ဈေးနှုန်းများ ဖြစ်ပေါ်စေရေး ထိန်းကျောင်းဆောင်ရွက်လျက်ရှိပြီး စားအုန်းဆီ အဓိကထုတ်လုပ်တင်ပို့သည့် မလေးရှားနိုင်ငံနှင့် အင်ဒိုနီးရှားနိုင်ငံတို့တွင် ဖြစ်ပေါ်နေသည့် FOB ဈေးနှုန်းများကို နေ့စဉ်စောင့်ကြည့်ကာ သယ်ယူပို့ဆောင်ခ ကုန်ကျစရိတ်များ၊ ဘဏ်စရိတ်များ၊ အခွန်အခများ ထည့်သွင်းတွက်ချက်၍ ပြည်တွင်းဈေးကွက်၌ ရောင်းဝယ်ဖောက်ကားရမည့် အခြေခံလက်ကား ရည်ညွှန်းဈေးနှုန်းကို ထုတ်ပြန်ပေးလျက်ရှိပါသည်။

ထို့အပြင် ပြည်တွင်းဈေးကွက်အတွင်း ဈေးနှုန်းမြှင့်တင်ရောင်းချခြင်း၊ ဈေးကစားရန် ရည်ရွယ်ချက်ဖြင့် သိုလှောင်ခြင်းနှင့် မသမာသည့် လုပ်ဆောင်မှုများ ပြုလုပ်ပါက အရေးကြီးကုန်စည်နှင့် ဝန်ဆောင်မှုဥပဒေအရ အရေးယူ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးထုတ်ပြန်ထားသည်။ **(မန္တလေးနေ့စဉ်-၅)**



## ကျောက်ဆည်မြို့ ပြည်သူ့ဆေးရုံကြီးသို့ လာအိုပြည်သူ့တပ်မတော် ဆေးပညာရှင်အဖွဲ့မှ ဆေးဝါးများလှူဒါန်း

**ကျောက်ဆည် ဧပြီ ၇**

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်ခရိုင်၊ ကျောက်ဆည်မြို့တွင် မတ် (၂၈)ရက်တွင် လှုပ်ခတ်ခဲ့သော ငလျင်ကြောင့် ထိခိုက်ဒဏ်ရာရရှိသော ပြည်သူများနှင့် အကြောင်းအမျိုးမျိုးကြောင့် ဆေးဝါးကုသခံယူလျက်ရှိသော လူနာများအတွက် ကျောက်ဆည်မြို့အထွေထွေရောဂါကုပြည်သူ့ဆေးရုံကြီးသို့ COI-PATTHANA POUCCTTICHAK ဦးဆောင်သည့် လာအိုပြည်သူ့တပ်မတော် ဆေးပညာရှင်အဖွဲ့မှ ယမန်နေ့ညနေ ၆ နာရီက ဆေးဝါးများနှင့် ဆက်စပ်ပစ္စည်း(၃၀) မျိုး လှူဒါန်းခဲ့ကြောင်း သိရသည်။

ထိုသို့ လှူဒါန်းသည့် ဆေးဝါးများနှင့် ဆက်စပ်ပစ္စည်းများမှာ အကြောသွင်းဆေးရည်များ၊ ပိုးသတ်ဆေးများ၊ အကိုက်အခဲပျောက်ဆေးများ၊ အစာအိမ်နာပျောက်ဆေးများ၊ ခွဲစိတ်ခန်းသုံးချုပ်ကြိုးများ၊ ခွဲစိတ်ခန်းသုံးဆေးပစ္စည်းများ၊ ကျောက်ပတ်တီးများ၊ ထိခိုက်ဒဏ်ရာများကုသရာတွင် အသုံးပြုသော ဆေးနှင့် ဆေးပစ္စည်းများဖြစ်ကြောင်း သိရှိရသည်။ **(အပေါ်ပုံ)**

**သက်မောင်(ကျောက်ဆည်)**

## မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ ရေနှင့် သန့်ရှင်းမှုဌာနမှ သုံးရေပြတ်လပ်မှုမရှိစေရေးအတွက် အခမဲ့ ရေပေးဝေလျက်ရှိ



**မန္တလေး ဧပြီ ၇**

မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ ရေနှင့် သန့်ရှင်းမှုဌာနမှ ငလျင်လှုပ်ခတ်ခဲ့မှုကြောင့် ပြည်သူများရေပြတ်လပ်မှုမရှိစေရန်အတွက် ရေလိုအပ်နေသည့် ရပ်ကွက်အတွင်းနှင့် ငလျင်ဘေးသင့်ပြည်သူများ နေထိုင်သည့် ယာယီကယ်ဆယ်ရေးစခန်းများ၊ ဆေးရုံ၊ ဆေးခန်းများ၊ ကယ်ဆယ်ရေးလုပ်ငန်းများတွင် ရေကားများဖြင့် အခမဲ့ ရေပေးဝေပို့ဆောင်လျက်ရှိသည်။

ထို့ပြင် မြို့နယ် ၆ မြို့နယ်အတွင်း ပျက်စီးပြိုကျထားသည့် အဆောက်အအုံများအား ရှင်းလင်းရေးလုပ်ဆောင်ပေးခြင်း၊ ယာယီကယ်ဆယ်ရေးစခန်းများတွင် အမှိုက်များ နေ့စဉ်သိမ်းဆည်းပေးခြင်း၊ သန့်စင်ခန်းနှင့် သုံးရေရရှိစေရန် ဆောင်ရွက်ပေးခြင်း၊ ကယ်ဆယ်ရေးလုပ်ငန်းများမှ ထွက်ရှိသော အညစ်အကြေး၊ စွန့်ပစ်ပစ္စည်းများနှင့် အမှိုက်များကို ရှင်းလင်းပေး ခြင်းလုပ်ငန်းများကို ဆောင်ရွက်ပေးလျက်ရှိသည်။

(ဝဲပုံ)

**(မန္တလေးနေ့စဉ်-၅)**



## ငလျင်ဒဏ်ကြောင့် မန္တလေး သုခမ္မာဇရပ်တန်း ၁၅ ဆောင်တွင် လူဦးရေ တစ်ထောင်ခန့် ယာယီပြောင်းရွှေ့နေထိုင်

**မန္တလေး ဧပြီ ၇**

မန္တလေးမြို့၊ အောင်မြေသာစံမြို့နယ်၊ ၁၂လမ်း၊ ၆၆လမ်းရှိ သုခမ္မာဇရပ်တန်း ၁၅ ဆောင်တွင် ရပ်ကွက် ၅ ရပ်ကွက်မှ လူဦးရေ တစ်ထောင်ခန့် ယာယီပြောင်းရွှေ့နေထိုင်လျက်ရှိကြောင်း ဥပုသ်တော်ရပ်ကွက်အုပ်ချုပ်ရေးမှူးက မန္တလေးနေ့စဉ်ကိုပြောသည်။

လက်ရှိပြောင်းရွှေ့နေထိုင်သူများမှာ ငလျင်ဒဏ်ကြောင့် နေအိမ်ပျက်စီးမှုရှိသူများနှင့် ဘေးအိမ်များ ပြိုကျပျက်စီးမှုရှိနိုင်သဖြင့် ပြောင်းရွှေ့နေထိုင်သူများဖြစ်ကြောင်း၊ ရပ်ကွက် ၅ ရပ်ကွက် အုပ်ချုပ်ရေးအဖွဲ့ဝင်များ၊ လုံခြုံရေးအဖွဲ့ဝင်များ၊ လူမှုကူညီရေးအဖွဲ့များ၊ မြို့နယ်ကျန်းမာရေးဆေးပေးခန်းများ ဖွင့်လှစ်ကာ ကျန်းမာရေးစောင့်ရှောက်မှုများပေးနေကြောင်း ၎င်းက ပြောသည်။

သုခမ္မာဇရပ် ၁၅ ဆောင်ရှိ ယာယီပြောင်းရွှေ့နေထိုင်သူများကို ရေသန့်၊ စားသောက်ဖွယ်ရာများ၊ ထမင်းဘူးများကို အလှူရှင်များက လာရောက်လှူဒါန်းပေးနေကြောင်း သိရသည်။

(အပေါ်ပုံ)

**(မန္တလေးနေ့စဉ်-၆)**

၀-၀-၀-၀-၀

## ကြက်ဥအလုံး ၃၀၀၀၀ ကို ဈေးနှုန်းချိုသာစွာရောင်းချ

**မန္တလေး ဧပြီ ၇**

မန္တလေးတိုင်းဒေသကြီး၊ မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနနှင့် မွေးမြူရေးလုပ်ငန်းအဖွဲ့ချုပ်တို့ ပူးပေါင်း၍ ပြည်ကြီးတံခွန်မြို့နယ်၊ (ဂ)ရပ်ကွက်၊ အထကခွဲ(၂၉) တွင် ငလျင်ဘေးသင့်ပြည်သူ ၃၀၀၀ ဦးအား ကြက်ဥ အလုံး ၃၀၀၀၀ ကို ဈေးနှုန်းသက်သာစွာဖြင့် ရောင်းချပေးပြီး သွားတိုက်ဆေး၊ သွားတိုက်တံ၊ ဆပ်ပြာနှင့် တဘက်များကိုလည်း အခမဲ့ ပေးဝေခဲ့သည်။

**(မန္တလေးနေ့စဉ်-၉)**



## ကျောက်ဆည်ဒေသထွက် ဖီးကြမ်းငှက်ပျော စီးပွားဖြစ် စိုက်ပျိုးလာ





**ကျောက်ဆည် ဧပြီ ၇**

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်ခရိုင်သည် အညာဒေသလယ်တွင်းကိုးခရိုင်တွင် ခရိုင်တစ်ခုအပါအဝင်ဖြစ်ပြီး စိုက်ပျိုးရေးလုပ်ငန်းကို အခြေခံ၍ စပါး၊ ပဲမျိုးစုံ၊ ဆီထွက်သီးနှံမျိုးစုံ၊ ငရုတ်၊ သရက်နှင့် ငှက်ပျောစသည့် သီးနှံများကို ရာသီအလိုက် စိုက်ပျိုးလျက်ရှိရာ ငှက်ပျောသီးနှံကို တစ်နိုင်တစ်ပိုင်စိုက်ပျိုးရာမှ စီးပွားဖြစ်စိုက်ပျိုးလာကြောင်း၊ ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်တွင် ငှက်ပျောစိုက်ဧကအနေဖြင့် ကျောက်ဆည်မြို့နယ်တွင် ၁၂၈၂ ဧက စိုက်ပျိုးခဲ့ပြီး ၁၂၆၄ ဧက ခုတ်ယူပြီးဖြစ်ကြောင်း ခရိုင်ကြေးတိုင်နှင့် မြေစာရင်းဦးစီးဌာန၏ စာရင်းများအရ သိရသည်။

ငှက်ပျောသီးကို ရာသီမရွေး စိုက်ပျိုးနိုင်ပြီး တစ်ဧကလျှင် အပင်ရေ ၈၀၀ ခန့် ဝင်ဆံ့စိုက်ပျိုးရကြောင်း၊ ပင်ခြား၊ တန်းခြား၊ ၈ ပေခြားစိုက်ပျိုးကာ စိုက်ပျိုးပြီး ၉-၁၀ လခန့်အကြာတွင် ငှက်ပျောဖူးများ စတင်ထွက်ရှိ၍ ငှက်ပျောဖူးထွက်ပြီး သုံးလခန့်အကြာတွင် ရောင်းတန်းဝင် ငှက်ပျောခိုင်များ ခုတ်ယူရရှိကြောင်း၊ ကျောက်ဆည်ဒေသ၌ ဖီးကြမ်းငှက်ပျောမျိုးများကို အဓိကထား စိုက်ပျိုးကြပြီး ပျိုးပင်၊ သွင်းအားစု၊ လုပ်သားခ အပါအဝင် တစ်ဧကလျှင် စုစုပေါင်း ငွေကျပ် ၁၅ သိန်းခန့် ကုန်ကျကြောင်း၊ တစ်ဧကလျှင် ငှက်ပျောခိုင် ၈၀၀ ခန့်၊ လှည်းအစီး ၂၀ ထွက်ရှိကြောင်း၊ ဈေးကွက်အနေဖြင့် ငှက်ပျောပွဲစားများမှ ခြံများသို့ လာရောက်ဝယ်ယူ၍ ကျောက်ဆည်မြို့ဒေသတွင်း ကန်တော့ပွဲရောင်းချသည့်ဆိုင်များနှင့် ရန်ကုန်၊ မန္တလေး၊ ပဲခူး မြို့များသို့ တင်ပို့ရောင်းချကြောင်း၊ ငှက်ပျောခိုင်၊ ငှက်ပျောအရွက်၊ ငှက်ပျောအသားတက်(ပင်ပေါက်) များပါ ရောင်းချရသဖြင့် တစ်ပင်လုံး အသုံးဝင်သော ဖီးကြမ်းငှက်ပျောများ စိုက်ပျိုးရာတွင် အကျိုးအမြတ်များရရှိပြီး တွက်ခြေကိုက်သည့်အတွက် စီးပွားဖြစ်စိုက်ပျိုးလာကြကြောင်း သိရသည်။

(ဝဲပုံ)

**မြို့နယ်(ပြန်/ဆက်)**

၀-၀-၀-၀-၀

| အီတလီစီးရီးအေ ဘောလုံးပြိုင်ပွဲ (ပွဲစဉ်-၃၁)အနိုင်၊ အရှုံး | NGB |
|---|---|
| ဘိုလော့နာ ၁ - ၁ နာပိုလီ | |

| စပိန်လာလီဂါ ဘောလုံးပြိုင်ပွဲ (ပွဲစဉ်-၃၀)အနိုင်၊ အရှုံး | NGB |
|---|---|
| လီဂါနက်စ် ၁ - ၁ အိုဆာဆူနာ | |

| အင်္ဂလိပ်ပရီးမီးယားလိဂ် ဘောလုံးပြိုင်ပွဲ (ပွဲစဉ်-၃၁)အနိုင်၊ အရှုံး | NGB |
|---|---|
| လက်စတာ ၀ - ၃ နယူးကာဆယ် | |

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက်(၉)ရပ်

၁။ နိုင်ငံရေး

(က) စစ်မှန်၍စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး။

(ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA)ပါအတိုင်း အလေးထားလုပ်ဆောင်ရေး။

(ဂ) ပြည်သူလူထု၏ လူမှုစီးပွားဘဝ လုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိစေရန် အလေးထားလုပ်ဆောင်ရေး။

၂။ စီးပွားရေး

(က) တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့အတွက် တိုင်းရင်းသားပြည်သူ တစ်ရပ်လုံးနှင့်အကျိုးဝင်သော စိုက်ပျိုးရေးနှင့် မွေးမြူရေးကို ခေတ်မီနည်းစနစ်များဖြင့် တိုးတက်အောင်ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။

(ခ) တိုးတက်ကောင်းမွန်လာသည့် စီးပွားရေးမောင်းနှင်အားကို မဏ္ဍိုင်ပြု၍ MSME စက်မှုလုပ်ငန်းများကို အားပေးဆောင်ရွက်ကာ ပို့ကုန်ကဏ္ဍ မြှင့်တင်ရေး။

(ဂ) ပြည်တွင်းစားသုံးဆီဖူလုံရေးအတွက် ဆီထွက်သီးနှံစိုက်ပျိုးမှုကို အားပေးမြှင့်တင်ပြီး ပန်းတိုင်ရည်မှန်းချက်အတိုင်း ထွက်ရှိအောင်ဆောင်ရွက်၍ နိုင်ငံအတွင်းဖူလုံမှုမှသည် ပြည်ပသို့တင်ပို့နိုင်သည်အထိ ကြိုးပမ်းဆောင်ရွက်ရေး။

၃။ လူမှုရေး

(က) တစ်နိုင်ငံလုံး အသိပညာ၊ အတတ်ပညာ မြင့်မားတိုးတက်စေရေး၊ ကုန်ထုတ်လုပ်မှု အထောက်အကူပြုပညာရှင်များ ထွန်းကားလာစေရေးအတွက် လူတိုင်းလက်လှမ်းမီသည့် ဘက်စုံပညာရေးစနစ်ကို အကောင်အထည်ဖော်ဆောင်ရေး။

(ခ) တစ်မျိုးသားလုံး သက်ရှည်ကျန်းမာကြံ့ခိုင်ရေးအတွက် ပြည်သူအားလုံးအကျုံးဝင်မည့် ကျန်းမာရေးကဏ္ဍနှင့် အားကစားကဏ္ဍ မြှင့်တင်ဆောင်ရွက်ရေး။

(ဂ) နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များ၌ လူငယ်များအနေဖြင့် အဓိကစွမ်းအားစုအဖြစ် ပါဝင်နိုင်ရေး ဗလငါးတန်နှင့် ပြည့်စုံသော လူငယ်များဖြစ်စေရန် လူငယ်ကဏ္ဍကို မြှင့်တင်ဆောင်ရွက်ရေး။

❖ လက်နက်ကိုင်ပဋိပက္ခကို နိုင်ငံရေးနည်းနဲ့ မဖြေရှင်းဘဲ အကြမ်းဖက်တိုက်ခိုက်မှုနဲ့ ဖြေရှင်းနေမှုတွေကို ယဉ်ကျေးတဲ့လူ့အဖွဲ့အစည်းတစ်ခုအနေနဲ့ လုံးဝလက်ခံလို့မရတာကြောင့် ဘုံရန်သူအဖြစ် သတ်မှတ်ပြီး ရှမ်းပြည်နယ်မြောက်ပိုင်းဒေသကိုသာမဟုတ်ဘဲ နိုင်ငံတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းမှု ပြန်လည်ရရှိတဲ့အထိ ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမှာ ဖြစ်ပါတယ်...

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၏ ၂၀၂၄ ခုနှစ်၊ ဩဂုတ်လ ၆ ရက်နေ့တွင် နိုင်ငံတော်၏လုံခြုံရေးဆိုင်ရာ အခြေအနေများနှင့်ပတ်သက်၍ ပြောကြားချက်မှ ကောက်နုတ်ချက်)

# အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း ပဲခူးတိုင်းဒေသကြီးအတွင်းရှိ ငလျင်ဒဏ်သင့်နေရာများအား သွားရောက်ကြည့်ရှုစစ်ဆေး၍ လိုအပ်သည်များ လမ်းညွှန်မှာကြား



အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း တောင်ငူတက္ကသိုလ်တွင် ငလျင်ဒဏ်ကြောင့် ထိခိုက်ပျက်စီးမှုများကို ကြည့်ရှုစစ်ဆေးစဉ်။

နေပြည်တော် ဧပြီ ၇

အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းသည် ပြည်ထောင်စုဝန်ကြီးများ၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများ၊ ဒုတိယဝန်ကြီးများနှင့် တာဝန်ရှိသူများလိုက်ပါ၍ ယနေ့နံနက်ပိုင်းတွင် ပဲခူးတိုင်းဒေသကြီးသို့ သွားရောက်ကာ ငလျင်ဒဏ်ကြောင့် ထိခိုက်ပျက်စီးဆုံးရှုံးခဲ့ရမှု အခြေအနေများ၊ ပြန်လည်ပြုပြင်ရေးလုပ်ငန်းများ ဆောင်ရွက်နေမှုနှင့် ငလျင်ဒဏ်ကြောင့် ထိခိုက်ဒဏ်ရာရရှိသူများအား ကျန်းမာရေးစောင့်ရှောက်မှုပေးနေမှုကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ လမ်းညွှန်မှာကြားသည်။

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် တောင်ငူမြို့သို့ ရောက်ရှိရာ ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးဆွေဝင်း၊ တောင်ပိုင်းတိုင်းစစ်ဌာနချုပ်တိုင်းမှူးနှင့် တာဝန်ရှိသူများက ကြိုဆိုနှုတ်ဆက်ကြသည်။

စာမျက်နှာ ၄ သို့ ❖


### ယနေ့ဖတ်စရာ အညွှန်း

ငလျင်ဒဏ်သင့် ပြည်သူများအား အခြေခံစားသောက်ကုန်များကို အထူးသက်သာသောဈေးနှုန်းဖြင့် ရောင်းချပေးလျက်ရှိ

စာမျက်နှာ ၂

နီနီမာဒူကီအား ခေါ်ယူရန် အက်စတွန်ဗီလာအသင်း သဘောတူညီမှု ရရှိ

စာမျက်နှာ ၂၀

ဂင်္ဂါမြစ်ထဲ၌ လင်းပိုင်အကောင်ရေ ထောင်နှင့်ချီနေထိုင်သော်လည်း ယခုအခါ ထိုလင်းပိုင်များ မျိုးသုဉ်းမည့်အန္တရာယ်နှင့် ရင်ဆိုင်နေရ

စာမျက်နှာ ၂၁


## ရီးရဲလ်မက်ဒရစ်အသင်းတွင် ကစားသမားဘဝ ကုန်ဆုံးသွားလိုကြောင်း မိုဒရစ် အတည်ပြု ပြောကြား

မက်ဒရစ် ဧပြီ ၈

ရီးရဲလ်မက်ဒရစ်အသင်း ဝါရင့်ကွင်းလယ်ကစားသမား မိုဒရစ်က မိမိအနေဖြင့် အသင်းမှ ထွက်ခွာသွားမည်မဟုတ်ဘဲ၊ အသင်းတွင်သာ ကစားသမားဘဝ ကုန်ဆုံးသွားလိုသည်ဟု အတည်ပြု ပြောကြားခဲ့သည်။

အဆိုပါ ဝါရင့်ကွင်းလယ် ကစားသမားကို လက်ရှိအချိန်တွင် ကာတာကလပ်အသင်းများစွာက ခေါ်ယူရန် စိတ်ဝင်စားနေသော်လည်း ၄င်းက အသင်းတွင်သာ ဆက်ရှိသွားမည် ဖြစ်သည်။

ကွင်းလယ်ကစားသမား မိုဒရစ်သည် ရီးရဲလ်မက်ဒရစ်အသင်းနှင့်အတူ ၂၀၁၂-၂၀၁၃မှ ၂၀၂၄-၂၀၂၅ ဘောလုံးရာသီအထိ ပြိုင်ပွဲစုံ ၅၈၂ပွဲကစားပြီး ၄၃ဂိုးထိ သွင်းယူထားသည်။

အသက်(၃၉)နှစ်အရွယ်ရှိ မိုဒရစ်က "ကျွန်တော် ရီးရဲလ်မက်ဒရစ်အသင်းမှာပဲ ဆက်ရှိသွားမှာပါ။ ဒီအသင်းနဲ့အတူ အောင်မြင်မှုများစွာ ရယူသွားဦးမှာပါ။ ကစားသမားဘဝကိုလည်း ဒီအသင်းမှာပဲ ကုန်ဆုံးသွားမှာပါ" ဟု ပြောသည်။

(NGB)

